
# ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်








အောက်တိုဘာလ ၂၀၁၇ ခုနှစ်

UKaid
from the British people

UN-HABITAT
FOR A BETTER URBAN FUTURE

BRACED Building Resilience and Adaptation to Climate Extremes and Disasters

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ
တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏အမှာစာ ၁

**အခန်း(၁) နိဒါန်း**

၁-၁။ နောက်ခံသမိုင်းကြောင်း ၃
၁-၂။ လုပ်ငန်းစီမံချက်၏ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ ၄
၁-၂-၁။ ရည်မှန်းချက် ၄
၁-၂-၂။ ရည်ရွယ်ချက်များ ၄

**အခန်း(၂) မြို့နယ်ဆိုင်ရာ အချက်အလက်များ**

၂-၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု ၅
၂-၂။ ပထဝီဝင်အနေအထား ၉
၂-၃။ ရာသီဉတုနှင့် သဘာဝပတ်ဝန်းကျင် ၉
၂-၄။ လူဦးရေဆိုင်ရာ အချက်အလက်များ ၁၀
၂-၅။ စီးပွားရေးဆိုင်ရာအချက်အလက်များ ၁၁
၂-၆။ ကျန်းမာရေးကဏ္ဍ ၁၁
၂-၇။ အခြေခံအဆောက်အအုံများ ၁၁

**အခန်း(၃) အန္တရာယ်များနှင့် အန္တရာယ်ကျရောက်လွယ်မှုဖော်ပြခြင်း**

၃-၁။ အန္တရာယ်များလေ့လာဆန်းစစ်ချက် ၁၃
၃-၁-၁။ ရေကြီး၊ တောင်ကျချောင်းရေ ၁၄
၃-၁-၂။ မုန်တိုင်း၊ လေဆင်နှာမောင်း ၁၇
၃-၁-၃။ သောက်သုံးရေ ရှားပါးခြင်း ၂၀
၃-၁-၄။ မြေပြို၊ကမ်းပြိုဘေး ၂၂
၃-၁-၅။ မိုးကြိုးဘေး ၂၄
၃-၁-၆။ မီးဘေး ၂၆
၃-၂။ အန္တရာယ်ကျရောက်လွယ်မှု လေ့လာဆန်းစစ်ချက် ၂၈
၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၈
၃-၂-၂။ လူမှုစီးပွားရေးဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၈
၃-၂-၃။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၉
၃-၃။ စွမ်းဆောင်ရည်လေ့လာဆန်းစစ်ချက် ၂၉
၃-၃-၁။ တည်နေရာနှင့် သွားလာရေးလွယ်ကူမှု ၂၉
၃-၃-၂။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ ၂၉
၃-၃-၃။ သတင်းလက်ခံရရှိမှု ၂၉
၃-၃-၄။ လူစွမ်းအားအရင်းအမြစ်များ ၃၀
၃-၃-၅။ ပညာရေးဆိုင်ရာ အချက်အလက်များ ၃၀

အခန်း(၄) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ

၄-၁။ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားရှိမှု ၃၂

၄-၂။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု ၃၃

အခန်း(၅) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

၅-၁။ တောင်ကုတ်မြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၉

၅-၂။ တောင်ကုတ်မြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ ၄၂

(၁) သတင်းနှင့် ပညာပေးလုပ်ငန်းကော်မတီ

(၂) အရေးပေါ်ဆက်သွယ်ရေးစနစ် ထူထောင်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ

(၃) ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ

(၄) ပျက်စီးမှုပမာဏ သတင်းရရှိရေး လုပ်ငန်းကော်မတီ

(၅) ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ

(၆) ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ

(၇) ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ

(၈) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ

(၉) လုံခြုံရေးလုပ်ငန်းကော်မတီ

(၁၀) ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ

(၁၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ

အခန်း(၆) ဘေးအန္တရာယ်ဒဏ်နည်းပါးသက်သာစေရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ

၆-၁။ ဘေးအန္တရာယ် နည်းပါးသက်သာစေရေး အစီအစဉ်များ ၅၇

၆-၂။ ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များ ၅၉

၆-၃။ တုံ့ပြန်မှုအစီအစဉ်များ ၆၀

၆-၄။ ပြန်လည်ထူထောင်ရေး အစီအစဉ်များ ၆၂

အခန်း(၇) လုပ်ငန်းစီမံချက် စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း

၇-၁။ စီမံချက် အကောင်အထည်ဖော်နိုင်မှုကို စောင့်ကြည့် စစ်ဆေးခြင်း ၆၅

၇-၂။ စီမံချက် ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း ၆၉

၇-၃။ နိဂုံး ၇၀

**ပုံများစာရင်း**

ပုံ (၁) တောင်ကုတ်မြို့ ကျေးရွာအုပ်စု၊ ကျေးရွာအခြေပြမြေပုံ ၇

ပုံ (၂) တောင်ကုတ်မြို့နယ် မြို့ကွက်ပြမြေပုံ ၈

ပုံ (၃) ကျေးရွာအုပ်စုအလိုက် ရေကြီး၊ တောင်ကျချောင်းရေ အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၁၆
ပုံ (၄) ကျေးရွာအုပ်စုအလိုက် မုန်တိုင်း၊ လေဆင်နှာမောင်းအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၁၉
ပုံ (၅) ကျေးရွာအုပ်စုအလိုက် သောက်သုံးရေရှားပါးခြင်း ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၁
ပုံ (၆) ကျေးရွာအုပ်စုအလိုက် မြေပြို၊ ကမ်းပါးပြို ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၃
ပုံ (၇) ကျေးရွာအုပ်စုအလိုက် မိုးကြိုးဘေး ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၅
ပုံ (၈) ကျေးရွာအုပ်စုအလိုက် မီးဘေး ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၇

## ဇယားများစာရင်း

ဇယား (၁) တောင်ကုတ်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ စာရင်း ၅
ဇယား (၂) တောင်ကုတ်မြို့နယ်၏ နှစ်အလိုက် မိုးရေချိန်နှင့် အပူချိန် ၉
ဇယား (၃) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီး၊ တောင်ကျချောင်းရေဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ၁၄
ဇယား (၄) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မုန်တိုင်း၊ လေဆင်နှာမောင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ၁၇
ဇယား (၅) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မြေပြို၊ ကမ်းပါးပြိုဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ၂၂
ဇယား (၆) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုးကြိုးဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ၂၄
ဇယား (၇) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မီးဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ၂၆

## နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ ၇၁
နောက်ဆက်တွဲ (၂) တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများဖုန်းနံပါတ် ၇၃
နောက်ဆက်တွဲ (၃) တောင်ကုတ်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ ၇၇
နောက်ဆက်တွဲ (၄) တောင်ကုတ်မြို့နယ်အတွင်းရှိ ဘေးအန္တရာယ် ကျရောက်လွယ်မှုပြဇယား ၇၈
နောက်ဆက်တွဲ (၅) အရေးပေါ်အကူအညီ လိုအပ်ချက်တောင်းခံမှုပုံစံ ၈၀
နောက်ဆက်တွဲ (၆) ပျက်စီးဆုံးရှုံးမှု လေ့လာဆန်းစစ်ချက်ပုံစံ ၈၁
နောက်ဆက်တွဲ (၇) ကျေးရွာအုပ်စုအဆင့် အချက်အလက်ကောက်ယူမှုပုံစံ ၈၃
နောက်ဆက်တွဲ (၈) ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်မှုပုံစံ ၈၆
နောက်ဆက်တွဲ (၉) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း အချက်အလက်ကောက်ယူမှုပုံစံ ၈၈

UKaid from the British people

UN-HABITAT FOR A BETTER URBAN FUTURE

BRACED Building Resilience and Adaptation to Climate Extremes and Disasters

# တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

တောင်ကုတ်မြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အရသော်လည်းကောင်း ငလျင်ဘေး၊ မိုးကြိုးဘေး၊ လေဘေးနှင့် မီးဘေးစသည့် ဘေးအမျိုးမျိုး၏ဒဏ်မှ ကျရောက်နိုင်ခြေများပြီး အခြားသော အန္တရာယ်များဖြစ်သည့် ကူးစက်ရောဂါဘေးတို့သည်လည်း အချိန်မရွေး ကျရောက်နိုင်သည်ကို တွေ့ရှိရပါသည်။

ယခုအချိန်တွင် ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင် ပြုန်းတီးလာခြင်း၊ ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်လာမှုနှင့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းလုပ်ငန်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝှမ်းလုံးတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်အစိုးရမှထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် နိုင်ငံတော်အဆင့် မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲရန် ဖော်ပြထားသည်ကို တွေ့ရပါသည်။ တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ပေါ်အခြေခံပြီး ပြောင်းလဲလာသော ဒေသလိုအပ်ချက်များနှင့် စီမံချက်ကို ပိုမိုကျယ်ပြန့်သော သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်းနည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိစေရန် အကောင်အထည်ဖော်ခြင်းနှင့် ပြောင်းလဲလာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေနှင့်  လိုက်လျောညီထွေဖြစ်အောင် အနည်းဆုံး နှစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်အချိန်သတ်မှတ်၍ ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ သဘာဝဘေးအန္တရာယ် မကျရောက်မီ ဘေးလျော့ပါးရေးလုပ်ငန်းနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုန့်ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး စသည့်လုပ်ငန်းများကို ဤစီမံချက်ပါအတိုင်း ဆောင်ရွက်သွားပါက ဘေးကျရောက်လျှင် ပျက်စီးဆုံးရှုံးမှုနည်းပါးပြီး မူလအခြေအနေသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိမည် ဖြစ်ပါသည်။

စီမံချက်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ရန် လိုအပ်ပြီး ရရှိလာသော သင်ခန်းစာများသည် စီမံချက်အား ထပ်မံဖြည့်စွက်ရေးဆွဲရန် လိုအပ်သောလမ်းညွှန်မှုကို ပေးနိုင်ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးလာပြီး မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်

ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ် အဆောက်အအုံများကို အကာအကွယ်ပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် မြို့နယ်၏ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို လျှောက်လှမ်းနိုင်မည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်မှုပေးခဲ့သော ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နည်းပညာနှင့်ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးအစီအစဉ် (UN-Habitat)၊ ပူးပေါင်းပါဝင်ဆွေးနွေး အကြံဉာဏ်ပေးခဲ့ကြသော မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ငွေကြေးပံ့ပိုးမှုပေးပါသော Department for International Development (DFID) နှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်မြောက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါသော Building Resilience and Adaptation to Climate Extremes and Disasters (BRACED Alliance Myanmar) တို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်
၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်

# အခန်း [ ၁ ]
# နိဒါန်း

## ၁–၁။ နောက်ခံသမိုင်း

တောင်ကုတ်မြို့သည် မြစ်၊ချောင်းများ ပေါများသည့်ဒေသဖြစ်သောကြောင့် ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းအန္တရာယ်များ၊ တောင်ကုန်းများ ပေါများသောကြောင့် တောင်ကျချောင်းရေကြောင့် ရေကြီးမှုများ၊ တောင်တန်းဒေသဖြစ်ခြင်းကြောင့် လေဆင်နှာမောင်းဘေးအန္တရာယ်များကဲ့သို့သော သဘာဝဘေးဒဏ်ကို ခံစားရမှုများသည့် မြို့နယ်ဖြစ်ပါသည်။ ထို့အတွက် နောင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးစေခြင်းဖြင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အဦများနှင့် တိရစ္ဆာန်များ၊ သဘာဝသယံဇာတသစ်တောများ အစရှိသည်တို့အား ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တွေ့ကြုံခဲ့သည့် အတွေ့အကြုံ အခက်အခဲများအပေါ် သင်ခန်းစာယူ၍ ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရှိနိုင်ရန် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုသည်မှာ ဖြစ်ရပ်တစ်ခု၏ အကျိုးဆက်များ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်သော တားဆီးကာကွယ်ခြင်း၊ နည်းပါးသက်သာစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုန့်ပြန်ခြင်းနှင့် သုတေသနပြုခြင်း အစီအမံများအပါအဝင် လုပ်ငန်းများအားလုံးကို ခေါ်ပါသည်။

သို့ဖြစ်ပါ၍ တောင်ကုတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိခိုက်ဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရန် ရည်ရွယ်လျက် ဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျ၊ အမြန်ဆုံးနှင့်အထိရောက်ဆုံးဆောင်ရွက်နိုင်ရန် **''တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်''**ကိုရေးဆွဲပါသည်။ ထို့အပြင် ဤစီမံချက်သည် တောင်ကုတ်မြို့နယ်၏ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်ရန်အတွက်လည်း အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

ဤလုပ်ငန်းစီမံချက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့နယ်အတွင်း လုပ်ငန်းစီမံကိန်းများဆောင်ရွက်နေသော အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဆက်နွယ်ပတ်သက်သူများ ပူးပေါင်းပါဝင်ဆွေးနွေးသည့် နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

တောင်ကုတ်မြို့နယ်အတွင်း ယခင်က ကျရောက်ခဲ့သော ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ၊ ယခင်က ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ၎င်းတို့၏ သက်ရောက်မှုများအပေါ် အခြေခံလျက် မြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံရလွယ်မှုအခြေအနေနှင့် မြို့နယ်အတွင်းရရှိနိုင်သော အရင်းအမြစ်များ စသည်တို့ကိုလည်း ဖော်ထုတ်သတ်မှတ်၍ ဤလုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

## ၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ

### ၁-၂-၁။ ရည်မှန်းချက်

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက် (Township Disaster Management Plan, TDMP) ၏ ရည်မှန်းချက်မှာ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးစေရန်နှင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်ရန် ဖြစ်ပါသည်။

### ၁-၂-၂။ ရည်ရွယ်ချက်များ

မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံချက်၏ ရည်ရွယ်ချက်များမှာ-

- မြို့နယ်တွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်။
- မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်နိုင်ရန်။

# အခန်း [ ၂ ]
# မြို့နယ်ဆိုင်ရာ အချက်အလက်များ

## ၂–၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု

တောင်ကုတ်မြို့နယ်၏ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပါသည်။ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းမှုအရ တောင်ကုတ်မြို့နယ်တွင် တောင်ကုတ်မြို့နှင့် မအီမြို့များပါဝင်ပြီး တောင်ကုတ်မြို့တွင် ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၂)အုပ်စုနှင့် ကျေးရွာပေါင်း (၂၀၇)ရွာ ပါဝင်ပါသည်။ မအီမြို့ကိုမူ ရပ်ကွက် (၄)ရပ်ကွက်နှင့် ဖွဲ့စည်းထားပါသည်။


**အစိုးရဌာနများနှင့် ဝန်ထမ်းအင်အားစာရင်း ။** ။ တောင်ကုတ်မြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုဖွဲ့စည်းထားရှိပါသည်။ တောင်ကုတ်မြို့နယ်အတွင်း မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားသော အစိုးရဌာနဆိုင်ရာများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား (၁) တောင်ကုတ်မြို့နယ်ရှိ အစိုးရဌာနဆိုင်ရာများစာရင်း**

| စဉ် | ဌာန | ဦးစီးဌာန |
|---|---|---|
| ၁။ | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | |
| ၃။ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | |
| ၄။ | မီးသတ်ဦးစီးဌာန | |
| ၅။ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ၆။ | ငါးလုပ်ငန်းဦးစီးဌာန | |
| ၇။ | စိုက်ပျိုးရေးဦးစီးဌာန | |


| စဉ် | ဌာန | ဦးစီးဌာန |
|---|---|---|
| ၉။ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀။ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | |
| ၁၁။ | သမဝါယမဦးစီးဌာန | |
| ၁၂။ | ပြည်တွင်းအခွန်များဦးစီးဌာန | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၃။ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | |
| ၁၄။ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | |
| ၁၅။ | မြန်မာ့စီးပွားရေးဘဏ် | |
| ၁၆။ | ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | |
| ၁၈။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (စာတိုက်/ကြေးနန်း/တယ်လီဖုန်း) | |
| ၁၉။ | မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန | |
| ၂၀။ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၂၁။ | လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂၂။ | မြို့နယ်ကုန်တင်/ကုန်ချ | |
| ၂၃။ | သစ်တောဦးစီးဌာန | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၂၄။ | သစ်ထုတ်လုပ်ရေး | |
| ၂၅။ | (၉၉) သစ်စက် | |
| ၂၆။ | မြို့နယ်ပညာရေးမှူးရုံး | ပညာရေးဝန်ကြီးဌာန |
| ၂၇။ | တောင်ကုတ်ဒီဂရီကောလိပ် | |
| ၂၈။ | လမ်းဦးစီးဌာန | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၉။ | တံတားဦးစီးဌာန | |
| ၃၀။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |
| ၃၁။ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| ၃၂။ | မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန | |
| ၃၃။ | မြို့နယ်စာရင်းစစ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၄။ | မြို့နယ်တရားရုံး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၃၅။ | မြို့နယ်ဥပဒေရုံး | ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ပုံ (၁) တောင်ကုတ်မြို့နယ် ကျေးရွာအုပ်စု၊ ကျေးရွာအခြေပြမြေပုံ




အကျယ်အဝန်းဧရိယာ (၁၉၀၁. ၂၅) စတုရန်းမိုင်
(၁၃၁၆၆၄၁) ဧက

ပုံ (၂) တောင်ကုတ်မြို့နယ် မြို့ကွက်ပြမြေပုံ



## ၂-၂။ ပထဝီဝင်အနေအထား

### (က) ဒေသသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း

တောင်ကုတ်မြို့သည် သံတွဲခရိုင်အတွင်းပါဝင်သော တောင်ကုန်းများပေါ်များသည့် မြို့တစ်မြို့ ဖြစ်ပါသည်။ တောင်ကုတ်မြို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၇၂ ခုနှစ်၊ ပြန်တမ်းအမှတ်စဉ် (၂၅၉) ဖြင့် ၁၉၀၇ ခုနှစ်မြို့များ အက်ဥပဒေအရ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ တောင်ကုတ်မြို့ကို မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)တွင် 'တောင်ကုပ်မြို့'ဟု ခေါ်တွင်ခဲ့ကြောင်း ဆိုပါသည်။ တောင်ကုတ်မြို့နယ်သည် သံတွဲခရိုင်၏ မြောက်ဘက်တွင်တည်ရှိပြီး မြောက်လတ္တီတွဒ် (၁၈)ဒီဂရီ (၃၇)မိနစ်မှ (၁၉)ဒီဂရီ (၃၂)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ (၄၆)မိနစ်မှ (၉၄)ဒီဂရီ (၄၅)မိနစ်တွင်တည်ရှိပြီး အကျယ်အဝန်းမှာ (၁၁၇၃. ၃၉) စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၄၄)မိုင်၊ တောင်မှမြောက်သို့ (၄၉) မိုင် ရှည်လျားပါသည်။ တောင်ကုတ်မြို့နယ်ထဲတွင် မအီမြို့နှင့် တောင်ကုတ်မြို့တို့ပါဝင်ပြီး စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ (၁၉၀၁. ၂၅) စတုရန်းမိုင် ဖြစ်ပါသည်။

တောင်ကုတ်မြို့နယ်၏ အရှေ့ဘက်တွင် မင်းတုန်းမြို့နယ်နှင့် ပန်းတောင်းမြို့နယ်၊ တောင်ဘက်တွင် သံတွဲမြို့နယ်၊ အနောက်ဘက်တွင် ရမ်းဗြဲမြို့နယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် အမ်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ထို့အပြင် တောင်ကုတ်မြို့နယ်တွင် မြစ်ချောင်းများ ပေါ်များပြီး ထင်ရှားသည့်မြစ်ချောင်းများမှာ တောင်ကုတ်၊ မအီ၊ လမူး၊ ဆားပြင်၊ တန်းလွှဲချောင်းတို့ ဖြစ်ပြီး တောင်ကုတ်ချောင်းသည် စက်လှေများ သွားလာနိုင်သော မြစ်ချောင်းဖြစ်ပါသည်။တောင်ကုတ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် (၁၈)ပေ အထက်တွင် တည်ရှိပါသည်။

## ၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### (က) ရာသီဥတုဆိုင်ရာ အချက်အလက်များ

တောင်ကုတ်မြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၃၈. ၈) ဒီဂရီစင်တီဂရိတ်နှင့် (၁၅. ၂) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

**ဇယား (၂) တောင်ကုတ်မြို့နယ်၏ နှစ်အလိုက် မိုးရေချိန်နှင့် အပူချိန်**

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | လက်မ | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၃ | ၁၀၉ | ၁၉၄. ၈၄ | ၂၈. ၀ | ၃၅. ၅ |
| ၂ | ၂၀၁၄ | ၁၂၁ | ၁၇၀. ၀၄ | ၂၈. ၄ | ၃၆. ၀ |
| ၃ | ၂၀၁၅ | ၁၁၈ | ၁၈၄. ၅၃ | ၂၉. ၅ | ၃၇. ၅ |
| ၄ | ၂၀၁၆ | ၁၂၅ | ၁၆၀. ၉၁ | ၂၇. ၀ | ၃၈. ၈ |
| ၅ | ၂၀၁၇ စက်တင်ဘာလထိ | ၁၁၆ | ၁၅၉. ၈၇ | ၁၅. ၂ | ၃၆. ၁ |

(အရင်းအမြစ် – မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

### (ခ) သဘာဝပေါက်ပင်များ

တောင်ကုတ်မြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ပျဉ်းကတိုး၊ ထောက်ကြံ့၊ ကညင်၊ ကညောင်း၊ သင်ဂတူ၊ ဘင်္ဂ၊ သစ်ဆိမ့်၊ မော်ရုံ၊ သပြေ၊ သရက်၊ ဒီရေတော၊ မဒမ၊ ပြူး၊ ပြားဖီး၊ ဆားပေါင်း အပင်များ ဖြစ်ပါသည်။

### (ဂ) တောရိုင်းတိရစ္ဆာန်များ

တောင်ကုတ်မြို့နယ်တွင် တောဝက်၊ ဂျီ၊ မျောက်၊ တောင်ဆိတ်၊ ဆတ်ပြောင်၊ ဆင်၊ တောကြက်စသည့် တောရိုင်း တိရစ္ဆာန်များရှိပါသည်။ မအီဒေသတွင် တောဝက်၊ ဂျီ၊ မျောက်၊ တောင်ဆိတ်၊ ဆတ်၊ ပြောင်၊ ဆင်၊ တောကြက်၊ ဒေါင်း၊ မြွေအမျိုးမျိုးတို့ ရှိပါသည်။

### (ဃ) သဘာဝပတ်ဝန်းကျင် လက်ရှိအခြေအနေ

တောင်ကုတ်မြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု (၁၀၇၉၉၉၄)ဧက ရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ (၁၄၄၇၇၀)ဧက ဖြစ်ပြီး ကြိုးပြင်ကာကွယ်တောဖုံးလွှမ်းမှုမှာ (၁၇၄၉၆၄) ဧကရှိပါသည်။

### (င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ

၂၀၁၃ ခုနှစ်၊ မိုးရာသီတွင် သစ်တောဦးစီးဌာန ကြိုးဝိုင်းသစ်တောများ၊ ရပ်ကွက်/ကျေးရွာများ၊ လမ်းဘေး ဝဲ/ယာ တစ်လျှောက် ကျွန်း (၂၂၃၀၀၀) ပင်၊ ယူကလစ် (၃၉၆၅၀) ပင်၊ မဒမ (ဒီရေတော) (၆၀၀)ပင်၊ သမဲ့ကြီး (၆၀၀) ပင်အား စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ မိုးရာသီတွင် စိုက်ပျိုးထားသော သစ်ပင်များ ဆက်လက် ရှင်သန် နိုင်ရေးအတွက် ထိန်းသိမ်း စောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြို့သန့်ရှင်းသာယာ လှပရေးအတွက် ပန်းအလှပင်များ၊ မြက်ခင်းအလှများ စိုက်ပျိုးခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်း မိမိနေအိမ်ရှေ့ လမ်းဘေးဝဲယာများတွင် ပန်းအလှပင်များ၊ အရိပ်ရပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်း၊ ရပ်ကွက်များအတွင်း မိုးရာသီရေစီး ရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ၂-၄။ လူဦးရေဆိုင်ရာ အချက်အလက်များ

### (က) နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ

တောင်ကုတ်မြို့နယ်တွင် ရခိုင်လူမျိုး အများဆုံးနေထိုင်ကြပြီး နေထိုင်မှု ရာခိုင်နှုန်းမှာ (၉၃. ၆၇) ရာခိုင်နှုန်းရှိပြီး ဒုတိယအများဆုံးနေထိုင်သည့် မျိုးနွယ်စုမှာ ချင်းလူမျိုးများ ဖြစ်ကြပြီး ရာခိုင်နှုန်း (၅. ၈၆)ရာခိုင်နှုန်းခန့်ရှိပါသည်။ အခြား နေထိုင်သော လူမျိုးများမှာ ဗမာ၊ ကရင်၊ ကချင်၊ မွန်၊ ရှမ်းလူမျိုးများ ဖြစ်ကြပါသည်။

### (ခ) အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

တောင်ကုတ်မြို့နယ်၏ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလကုန်အထိ လူဦးရေ (၁၄၈၅၆၂) ဦး၊ အိမ်ထောင်စု ပေါင်း (၃၁၉၉၃) စုရှိပြီး၊ အိမ်ခြေပေါင်း (၂၉၇၇၂) အိမ်ခြေ မှီတင်းနေထိုင်ပါသည်။ နိုင်ငံခြားသားများနေထိုင်မှုမရှိပါ။ ၂၀၁၅ ခုနှစ်လူဦးရေ တိုးနှုန်းမှာ (၁. ၀၁) ရာခိုင်နှုန်းရှိပြီး၊ ကျား/မ အချိုးမှာ (၁း၁. ၀၄) ဖြစ်ပါသည်။

### (ဂ) ကိုးကွယ်သည့်ဘာသာ

တောင်ကုတ်မြို့နယ်တွင် နေထိုင်ကြသူအများစုသည် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြပြီး ခရစ်ယာန်ကိုးကွယ်သူ အနည်းငယ်လည်း ရှိပါသည်။

## ၂-၅။ စီးပွားရေးဆိုင်ရာအချက်အလက်များ

### (က) စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်

တောင်ကုတ်မြို့နယ်သည် ရခိုင်ပြည်နယ်၏ တောင်ပိုင်းဒေသအတွင်းတွင်တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများကို အဓိကလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ထို့အပြင် ကုန်ပို့လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားစက်မှုလက်မှုလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ တောင်ကုတ်မြို့နယ်သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် အခြားဒေသများသို့ ကုန်းလမ်း၊ ရေလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ် ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရေထွက်ပစ္စည်းများနှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်ပြီး ရန်ကုန်၊ မန္တလေးနှင့် အခြားဒေသများသို့ အများဆုံးတင်ပို့ရောင်းချပါသည်။

### (ခ) မြေအသုံးချမှု

တောင်ကုတ်မြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကများမှာ အသားတင် စိုက်ပျိုးမြေဧရိယာနှင့် အခြားစိုက်ပျိုးမရနိုင်သော ဧရိယာအပါအဝင် စုစုပေါင်း (၁၃၁၆၆၃၁)ဧက ရှိပါသည်။

### (ဂ) သစ်တောလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

တောင်ကုတ်မြို့နယ်၏ သစ်တောလုပ်ငန်းနှင့် ပတ်သက်သောအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ သစ်တောကြိုးဝိုင်း ဧရိယာ(ဧက) မှာ (၁၄၄၇၇၀) နှင့် ပေါက်သည့်အပင်များမှာ ပျဉ်းကတိုးနှင့် အခြားအပင်များဖြစ်ပြီး သစ်တောကြိုးပြင်ဧရိယာ(ဧက)မှာ (၁၇၄၉၆၄)နှင့် ပေါက်သည့်အပင်များမှာ သစ်မာပင်များဖြစ်ပါသည်။

## ၂-၆။ ကျန်းမာရေးကဏ္ဍ

တောင်ကုတ်မြို့နယ်တွင် မြို့နယ်အဆင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ခုနှင့် တိုက်နယ်အဆင့် (၁၆)ခုတင်ဆံ့ ဆေးရုံ (၃)ခုရှိပါသည်။ ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနခွဲပေါင်း (၃၇)ခုထားရှိပြီး ဒေသန္တရတိုင်းရင်းဆေးခန်းလည်း ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဆေးခန်းလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။

## ၂-၇။ အခြေခံအဆောက်အအုံများ

တောင်ကုတ်မြို့နယ်သည် ဆက်သွယ်ရေးအရ ဖွံ့ဖြိုးတိုးတက်သော မြို့နယ်ဖြစ်ပြီး ဖုန်းသုံးစွဲမှုရာခိုင်နှုန်းမှာ (၅၀) ရာခိုင်နှုန်းဖြစ်ပါသည်။ ရုပ်သံလွှင့်ရုံအနေဖြင့် တောင်ကုတ်မြို့တွင်(၅၀ KW) လွှင့်အားရှိသော အသံလွှင့်ရုံတစ်ရုံနှင့် မအီမြို့တွင် တစ်ရုံရှိပါသည်။ ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး အချက်အလက်များအရ တောင်ကုတ်မြို့နယ်တွင် လေကြောင်းလမ်းမရှိပါ။ ရထားလမ်းနှင့် ဘူတာရုံများလည်းမရှိပါ။ ကုန်းလမ်းခရီးကိုသာ အသုံးများပါသည်။ ရေကြောင်းလမ်းအနေဖြင့် တောင်ကုတ်မှ စစ်တွေအထိ (၂၂၄)မိုင် ရှည်လျားသော ရေကြောင်းခရီးလမ်းရှိပါသည်။

# အခန်း [ ၃ ]
# အန္တရာယ်များနှင့် အန္တရာယ်ကျရောက်လွယ်မှု ဖော်ပြခြင်း

## ၃-၁။ သဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်ချက် (Hazard Assessment)

တောင်ကုတ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ(၁၈)ပေတွင် တည်ရှိပြီး အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသော ရခိုင်ရိုးမ၊ တောင်ကုန်းများပေါများခြင်း၊ မိုးရေချိန် လက်မ (၁၀၀)နှင့် အထက်ရွာသွန်းခြင်း၊ မြစ်ချောင်းများပေါများခြင်း၊ ပင်လယ်နှင့်မြစ်များ၊ ချောင်းများနှင့် ဆက်စပ်လျက် ရှိခြင်းတို့ကြောင့် ဘေးအဖြစ်များသော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်တွင်း အချို့သောဒေသများသည် ကုန်းလမ်းခရီးသွား လာရန်ခက်ခဲခြင်းတို့ကြောင့် ဘေးအမျိုးမျိုးတို့ ကျရောက်ပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထား သင့်ပါသည်။

တောင်ကုတ်မြို့နယ်သည် မိုးများသောဒေသဖြစ်ခြင်း၊ တောင်ကျချောင်းရေအန္တရာယ်ရှိခြင်း၊ ကမ်းရိုးတန်း ဒေသ ဖြစ်ခြင်း၊ မြစ်ချောင်းဘေးနေထိုင်ကြခြင်း၊ သစ်တောနှင့် ဒီရေတောများ ပြုန်းတီးလာခြင်း စသည့်အချက်တို့ကြောင့် ရေကြီး ဘေး၊ တောင်ကျရေဘေး၊ ကမ်းပါးပြိုဘေး၊ မုန်တိုင်းဘေး စသည့် ဘေးများဖြစ်နိုင်ခြေ အများဆုံးဖြစ်ပါသည်။

ထို့အပြင် တောင်ကုတ်မြို့နယ်သည် ရေချိုရှားပါးခြင်းကို ကြုံတွေ့ရပြီး သောက်သုံးရေ မလုံလောက်မှုများ နှစ်စဉ် ဖြစ်ပွားလျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှပံ့ပိုးမှုဖြင့် ရရှိလာသော ဘေးဖြစ်စဉ်သမိုင်းများနှင့် တောင် ကုတ်မြို့နယ်တွင်း ကျရောက်နိုင်သောဘေးအန္တရာယ်များကို အောက်တွင် ဖော်ထုတ်ထားပါသည်။

ဖြစ်ပွားမှု အများဆုံးဘေးအန္တရာယ် အစဉ်လိုက်မှာ –

(၁) ရေကြီး၊ တောင်ကျချောင်းရေ
(၂) မုန်တိုင်း၊ လေဆင်နှာမောင်း
(၃) သောက်သုံးရေရှားပါးခြင်း
(၄) မြေပြို၊ ကမ်းပါးပြိုဘေး
(၅) မိုးကြိုးဘေး
(၆) မီးဘေး

### ၃–၁–၁။ ရေကြီး၊ တောင်ကျချောင်းရေ

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

ရေကြီးခြင်းဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း မြစ် (သို့မဟုတ်) အလားတူ ရေအရင်းအမြစ်တစ်ခုမှ ရေများ မြင့်တက်ခြင်း (သို့မဟုတ်) လျှံတက်ခြင်းကို ဆိုလိုပါသည်။ ကာလအတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေလမ်းကြောင်းအတွင်း ရေများပိုများလာပြီး စမ်းချောင်းများ၊ မြစ်များ၊ ချောင်းများတွင် ရေမြင့်တက်ခြင်း ဖြစ်နိုင်ပါသည်။ မည်သည့်အချိန်တွင်မဆို ရေစုစုပေါင်းပမာဏသည် မြစ်ချောင်း၏ ရေစီးနိုင်စွမ်းထက် ကျော်လွန်များပြားပါက ရေလွှမ်းမိုးမှုဖြစ်ပွားပါသည်။ တောင်ကုတ်မြို့နယ်သည် မိုးများခြင်း၊ မြစ်ချောင်းများပေါများခြင်း၊ ကမ်းရိုးတန်းဒေသဖြစ်ခြင်းတို့ကြောင့် မြေနိမ့်ပိုင်းများတွင် ရေကြီးခြင်းဘေးကို နှစ်စဉ်ခံစားကြရပါသည်။

တောင်ကုတ်မြို့နယ်သည် ရေကြီးခြင်းနှင့် တောင်ကျချောင်းရေကြောင့် ထိခိုက်ဆုံးရှုံးမှုကို နှစ်စဉ် ကြုံတွေ့နေရပြီး နှစ်အလိုက်ပျက်စီးမှုများကို ဇယား (၃)ဖြင့် ဖော်ပြထားပါသည်။

**ဇယား (၃) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီး၊ တောင်ကျချောင်းရေဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး/ ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၁၉၆၃ ခုနှစ် | – | (၁) ကြိမ် | တောင်ရွာ |
| ၂။ | ၁၉၉၀–၁၉၉၂ | – | (၂) ကြိမ် | လုံးမော်အုပ်စုနှင့် ကမ်းထောင့်ကြီးကြားတံတား |
| ၃။ | ၂၀၀၅ | (၁) | အိမ်ခြေ (၃) | ဒုံ |
| ၄။ | ၂၀၁၀ | – | အုတ်တံတိုင်း (၁) | မိုး |
| ၅။ | ၂၀၁၄ | – | ဆည်ပျက်စီး/ကေ (၃၀)ခန့်ရေမြုပ် | လေ့ကာထွေရွာ |
| ၆။ | ၂၀၁၅ | – | အိမ်ခြေ (၄၄) | သဒ္ဒန်ရွာ |
| ၇။ | ၂၀၁၅ | (၁) | အိမ်ခြေ(၁)၊ဘုန်းကြီးကျောင်း အုတ်တံတိုင်း (၇၅) ခု | မိချောင်းလူးရွာ |
| ၈။ | ၂၀၁၅ | – | အိမ်ခြေ (၃၂) | သချိုကိုင်းရွာ |
| ၉။ | ၂၀၁၅ | – | အိမ်ခြေ (၈) | လက်ပံကျွန်း |

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး/ ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁၀။ | ၂၀၁၅ | – | အိမ်ခြေ (၁၀)၊ | ကင်းတောင် |
| ၁၁။ | ၂၀၁၅ | – | ဆည်တာပေါင်ပေ(၂၅၀) ကျိုးပေါက်ခဲ့ | ကျောက်ဆိပ်တောင် |
| ၁၂။ | ၂၀၁၆ | – | အိမ်ခြေ(၁)၊ ပေ(၈၀) သစ်သား တံတားတစ်စင်းပျက်စီးခဲ့ | မောင်းအုပ်စု၊ မောင်းရွာ |
| ၁၃။ | ၂၀၁၆ | – | ပေ(၁၀) သစ်သားတံတား တစ်စင်း ပျက်စီးခဲ့ | ပေါက်ပြင်ရွာ |
| ၁၄။ | ၂၀၁၆ | – | ပေ(၁၀၀)နှင့်ပေ(၆၀) သစ်သားတံတားနှစ်စင်း ပျက်စီးခဲ့ | ပဒါ |
| ၁၅။ | နှစ်စဉ် | – | ရေတွင်း(၃)တွင်း နှစ်စဉ်မြုပ် | ကျောက်မောင်နှမ |

## (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

ရေကြီးခြင်းကြောင့် မြစ်ဝှမ်းလွင်ပြင် ကမ်းရိုးတန်းဒေသများနှင့် မြေနိမ့်ပိုင်းများတွင် ထိခိုက်ဆုံးရှုံးမှုများ အများဆုံး ဖြစ်ပေါ်စေနိုင်ပါသည်။ ရေကြီး/ရေလွှမ်းမိုးခြင်းကြောင့် အဆောက်အဦ၊ စားနပ်ရိက္ခာ၊ အသုံးအဆောင်များ၊ ရေနစ်ပျက်စီး ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ရထားလမ်း၊ ကားလမ်း၊ လျှပ်စစ်မီးတိုင်၊ တံတားအစရှိသော အခြေခံအဆောက်အဦများ ပျက်စီးပြီး၊ လမ်းပန်း ဆက်သွယ်မှုများ ပြတ်တောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးထိခိုက်ခြင်းများ၊ လူနှင့် ကျွဲ၊ နွား တိရိစ္ဆာန်များ ရေနစ်သေဆုံးခြင်းများ၊ အအေးမိရောဂါ၊ သောက်သုံးရေများ ညစ်ညမ်းပြီး ဝမ်းရောဂါအမျိုးမျိုး ဖြစ်ပွားခြင်း များ၊ စိုက်ပျိုးသီးနှံများပျက်စီးမှုများကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ပါသည်။

မြို့နယ်တွင်း ရေကြီးမှုဘေးနှင့် တောင်ကျချောင်းရေ ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင်ဖော်ပြထားပါ သည်။


## ပုံ (၃) ကျေးရွာအုပ်စုအလိုက် ရေကြီး၊ တောင်ကျချောင်းရေ အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ

MIMU

Myanmar Information Management Unit

# Flood Risk Map of Toungup Township

Canada




| Map ID: MIMU1475v01<br>Creation Date: 25 April 2017, A4<br>Projection/Datum: Geographic/WGS84 | **Legend** | info.mimu@undp.org<br>www.themimu.info |
|---|---|---|
| Data Sources: UN Habitat<br>Base Map: MIMU<br>Boundaries: WFP/MIMU<br>Place names: Ministry of Home Affairs (GAD) translated by MIMU | Main Town; Other Town; Major Road; Coast Line; Village Tract Boundary; Township Boundary; State/Region Boundary<br>**Hazard Level of Flood**: Low; Middle; High | Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution. |

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၃-၁-၂။ မုန်တိုင်း၊ လေဆင်နှာမောင်း

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မုန်တိုင်းများမှာ လေဖိအားနည်းသောရပ်ဝန်းကို ဗဟိုပြု၍ လေပြင်းများ လှည့်ပတ်တိုက်ခတ်နေသော ဆိုးရွားသည့် မိုးလေဝသအခြေအနေဖြစ်သည်။ မြောက်ကမ္ဘာခြမ်းတွင်ဖြစ်ပေါ်သော မုန်တိုင်းတွင် လေသည် နာရီလက်တံ ပြောင်းပြန်တိုက်ခတ်ပြီး၊ တောင်ကမ္ဘာခြမ်းတွင် ဖြစ်ပေါ်သောမုန်တိုင်းတွင် လေသည် နာရီလက်တံအတိုင်း တိုက်ခတ်သည်။ ဆိုင်ကလုန်းမုန်တိုင်းများသည် နွေရာသီတွင် အပူပိုင်းပင်လယ်ရပ်ဝန်းများတွင် စတင်ဖြစ်ပေါ်လေ့ရှိသည်။ ထို့နောက် အနောက်ဖက်သို့ ဦးတည်ရွေ့လျားသွားပြီး ထိုမှတဖန်အရှေ့ဖက်သို့ ဦးတည်ကာ လတ္တီတွဒ်မြင့်ရာဒေသများသို့ ဆက်လက်ရွေ့လျားသွားပါသည်။ ဆိုင်ကလုန်းများသည် အီကွေတာအနီးရှိနွေးသော ပင်လယ်ပြင်တွင် ပေါ်ပေါက်ပါသည်။ နေကြောင့်ပူနွေးနေသောလေသည် လျင်မြန်စွာ အထက်သို့တက်ပြီး လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်စေပါသည်။ နွေးသောလေအထက်သို့ တက်ချိန်တွင် ရေငွေ့များပြည့်ဝပြီး ငွေ့ရည်စုဖွဲ့လျက် မိုးတိမ်တိုက်ကြီးများ ဖြစ်ပေါ်ပါသည်။ ထိုအခါ လေဖိအား နည်းသွားသောနေရာသို့ အေးသောလေများ ဝင်ရောက်လာသည်။ ကမ္ဘာကြီးသည် ဝင်ရိုးပေါ်တွင် စဉ်ဆက်မပြတ် လည်ပတ်နေခြင်းကြောင့် လေသည် အတွင်းဘက်သို့ဝိုက်၍ အထက်သို့ လျင်မြန်စွာတက်ပါသည်။ လှည့်လည်နေသော လေများသည် ဝဲကဲ့သို့ ပိုမို၍ လျင်မြန်စွာ လည်ပတ်လာပြီး ကီလိုမီတာ (၅၀၀)မှ (၁၀၀၀)အထိ အချင်းရှိသော စက်ဝိုင်းကြီးများ ဖြစ်ပေါ်လာပါသည်။ မုန်တိုင်း၏ အလယ်ဗဟိုတွင် မုန်တိုင်းမျက်စိဟုခေါ်သော တည်ငြိမ်ပြီး တိမ်မရှိသည့် နေရာတစ်ခုရှိပါသည်။ မိုးရွာခြင်းမရှိဘဲ လေလည်းအနည်းငယ်သာ တိုက်ခတ်ပါသည်။

လေဆင်နှာမောင်းဆိုသည်မှာလည်း မိုးတိမ်တောင်မှ တဆင့်ဖြစ်ပေါ်လာသော ပြင်းထန်စွာ လည်ပတ်တိုက်ခတ်နေသည့် နှာမောင်းသဏ္ဍာန်လေပွေ ဖြစ်ပါသည်။ လေဆင်နှာမောင်း၏ ဖြစ်စဉ်မှာ လေထုအတွင်း ပြောင်းလဲမှုကြောင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လာပါသည်။ မိုးတိမ်တောင်များ၏ အောက်ခြေသည် လေစီးကြောင်းများသည် လှည့်ပတ်ပြီး အပေါ်ကိုတက်လာသည်။ လေတိုက်ရာလမ်းကြောင်းကို ပိုမိုကျဉ်းမြောင်း ပြင်းထန်လာပြီး လေဆင်နှာမောင်း ဖြစ်ပေါ်လာပါသည်။ လေဆင်နှာမောင်း တိုက်ခတ်ချိန်သည် (၁)မိနစ်မှ (၁၀)မိနစ်သာ ကြာပါသည်။ လေဆင်နှာမောင်း၏ အရွယ်အစားနှင့် ရွေ့လျားသည့် အကွာအဝေးသည် ဆိုင်ကလုန်းမုန်တိုင်းထက် အများကြီး သေးငယ်ပါသည်။ သို့သော်လည်း လေတိုက်နှုန်းသည် ပိုမိုပြင်းထန်ပြီး မည်သည့်အချိန်၊ မည်သည့်နေရာတွင် လေဆင်နှာမောင်းဖြစ်နိုင်မည်ကို ခန့်မှန်းရန် ခက်ခဲပါသည်။

တောင်ကုတ်မြို့နယ်ရှိ ကျေးရွာ(၉)ရွာခန့်သည် ပင်လယ်အနီးတွင် တည်ရှိသောကြောင့် မုန်တိုင်းဒဏ်ကို ပိုမိုခံစားရပြီး အချို့ကျေးရွာများသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေအနည်းငယ် အမြင့်တွင်သာတည်ရှိပြီး ကျေးရွာ(၁)ရွာသည် ပင်လယ်ရေမျက်နှာပြင်အောက် (၁)ပေနိမ့်ခန့်ဖြင့် တည်ရှိလျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားမှုအရ သိရှိရပါသည်။

**ဇယား (၄) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မုန်တိုင်း၊ လေဆင်နှာမောင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ**


| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၁၉၃၇ | (၈၀၀) | - | ပန်းအင်းကျွန်း |
| ၂။ | ၁၉၉၂ (မေလ) | (၄၆၀ | အိမ်ခြေ (၂၅၀) | ဖောင်းခါး |
| ၃။ | ၁၉၉၂ (မေလ) | (၂) | အိမ်ခြေ (၃၇၅) | ငမောက်ချောင်း |
| ၄။ | ၁၉၉၂ (မေလ) | (၂) | အိမ်ခြေ (၇၀) | နတ်မော် |

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၅။ | ၁၉၉၂ (မေလ) | (၂) | အိမ်ခြေ (၅) | ပေါက်ပြင် |
| ၆။ | ၁၉၉၂ (မေလ) | (၃) | အိမ်ခြေ (၂၀) | ဂျီဝ |
| ၇။ | ၁၉၉၂ (မေလ) | (၃) | – | ရန်မျိုး |
| ၈။ | ၁၉၉၂ (မေလ) | – | အိမ်ခြေ (၂၀၀) | ကုလားရောင် |
| ၉။ | ၁၉၉၂ (မေလ) | – | ဆည်ကျိုး | ကျောက်ဆိပ်တောင် |
| ၁၀။ | ၁၉၉၂ (မေလ) | – | အိမ်ခြေ (၁၉) | လှေကာထွေ |
| ၁၁။ | ၂၀၁၅ | (၃) ဦး ဆေးရုံရောက် | – | လှေကာထွေ |

# ပုံ(၄) ကျေးရွာအုပ်စုအလိုက်မုန်တိုင်း၊လေဆင်နှာမောင်းအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

## Strom/Tornado Risk Map of Toungup Township




**Map ID: MIMU1475v01**
Creation Date: 25 April 2017, A4
Projection/Datum: Geographic/WGS84

Data Sources: UN Habitat
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD) translated by MIMU

**Legend**

- Main Town
- Other Town
- Major Road
- Coast Line
- Village Tract Boundary
- Township Boundary
- State/Region Boundary

**Hazard Level of Strom/Tornado**

- Low
- Middle
- High

info.mimu@undp.org
www.themimu.info

Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution.

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၃။ သောက်သုံးရေရှားပါးခြင်း

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

ရာသီဥတုဆိုးရွားစွာ ပြောင်းလဲလာခြင်း၏ အကျိုးဆက်ကို မြန်မာနိုင်ငံတဝှမ်း ခံစားနေသည်ဖြစ်ပြီး တောင်ကုတ်မြို့နယ်လည်း အပါအဝင်ဖြစ်သည်။ သို့ပါ၍ ရာသီဥတု ပိုမိုပူပြင်းလာခြင်း၊ မြစ်ရေ၊ ချောင်းရေများ တိမ်ကောလာခြင်း၊ အငွေ့ပျံမှု များပြားလာခြင်း၊ သစ်တောများ ခြောက်သွေ့လာခြင်း၊ သစ်တောပြုန်းတီးလာခြင်း တို့ကိုသိသာစွာ ခံစားနေရသည်။ သောက်သုံးရေ ရှားပါးမှုဘေးကို လွန်ခဲ့သည့် (၅)နှစ်ခန့်မှ စတင်ကာ နှစ်စဉ်ဆိုသလို ကြုံတွေ့နေပါသည်။ ရာသီဥတုဖောက်ပြန်မှုတင်မကပဲ အခြားသော အကြောင်းအရင်းများလည်း ရှိနေပါသေးသည်။ ဥပမာ-သောက်သုံးရေပေးနိုင်သည့်ပမာဏနှင့် လူဦးရေအချိုးမမျှတခြင်း၊ ရေသိုလှောင်ကန်များ ထားရှိမှု နည်းနေသေးခြင်း၊ ရေစီမံခန့်ခွဲမှု (သို့) စနစ်တကျသုံးစွဲမှုများ အားနည်းနေသေးခြင်း၊ သောက်သုံးရေလေလွင့်မှုများခြင်း၊ မြို့နယ်၏ မြေသားအောက်ခြေတွင် ကျောက်ဖျာခံနေ၍ တွင်းရေအသုံးချနိုင်မှု မရှိခြင်းစသည့် အချက်များကလည်း သောက်သုံးရေရှားပါးမှုကို ကြုံတွေ့စေပါသည်။


### (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

သောက်သုံးရေရှားပါးခြင်းကြောင့် လူမှုရေးကဏ္ဍတွင် ရေရယူမှုများ စနစ်တကျ ခန့်ခွဲနိုင်မှုမရှိပါက ပဋိပက္ခများဖြစ် ပွားခြင်း၊ သောက်သုံးရေအတွက် အချိန်ပေးနေရခြင်း (သို့မဟုတ်) ငွေကြေးပိုမိုသုံးစွဲရခြင်းကြောင့် ပညာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများကိုပါ နှောင့်နှေးစေပါသည်။ အဆိုးဆုံးမှာ သန့်ရှင်းသောရေ သောက်သုံးရေရရှိမှု နည်းသည့်အတွက် ရောဂါအဖြစ်များခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း စသည်တို့ကြောင့် ကျန်းမာရေးကဏ္ဍ ကျဆင်းလာနိုင်ပါသည်။ ကောက်ယူထားသော စာရင်းဇယား အချက်အလက်များအရ မြို့နယ်အတွင်း ရေရရှိမှုအတွက် ရေတွင်း၊ ရေကန်များကို အဓိကအသုံးပြုရခြင်းကြောင့် အပူချိန်မြင့်သည့် နွေရာသီမျိုးတွင် တောင်ကုတ်မြို့နယ်အတွင်း သောက်သုံးရေရှားပါးမှုကို နှစ်စဉ် ကြုံတွေ့နေရပါသည်။ တောင်ကုတ်မြို့နယ်အတွင်း သောက်သုံးရေရှားပါးမှု ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

## ပုံ (၅) ကျေးရွာအုပ်စုအလိုက် သောက်သုံးရေရှားပါးမှု ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

# Water Shortage Risk Map of Toungup Township




| | | |
|---|---|---|
| **Map ID: MIMU1475v01**<br>Creation Date: 25 April 2017, A4<br>Projection/Datum: Geographic/WGS84<br><br>Data Sources: UN Habitat<br>Base Map: MIMU<br>Boundaries: WFP/MIMU<br>Place names: Ministry of Home Affairs (GAD) translated by MIMU | **Legend**<br>Main Town<br>Other Town<br>Major Road<br>Coast Line<br>Village Tract Boundary<br>Township Boundary<br>State/Region Boundary<br>**Hazard Level of Water Shortage**<br>Low<br>Middle<br>High | info.mimu@undp.org<br>www.themimu.info<br><br>Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution. |

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၄။ မြေပြို၊ ကမ်းပြိုဘေး

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်းဆိုသည်မှာ တောင်စောင်းနှင့် ကမ်းခြေများပေါ်ရှိ မြေဆီလွှာ၊ ကျောက်များနှင့် ပြန့်ကျဲလျက်ရှိသော ကျောက်စကျောက်န အရောအနှောနှင့် သစ်ပင်၊ ဝါးပင် အပိုင်းအစများ ကမ္ဘာ့မြေ ဆွဲအားကြောင့်ဖြစ်စေ၊ လျှောလျှပ်၍ဖြစ်စေ၊ မိုးသည်းထန်ရွာသွန်း၍ဖြစ်စေ တောင်ခြေသို့လျှောကျလာခြင်း၊ ပြုတ်ကျလာခြင်းနှင့် စီးလာခြင်းတို့ဖြစ်ပြီး မြေဆီလွှာနှင့် ကျောက်စ၊ ကျောက်နတို့သည် ရွာသွန်းသော မိုးရေချိန်ကြောင့် မူလအလေးချိန်ထက်ပို၍ လေးလံလာခြင်းကြောင့် ပြိုဆင်းလာရခြင်း ဖြစ်ပါသည်။ ထို့အပြင် ရုတ်ခြည်းဖြစ်ပေါ်စေတတ်သည့် သည်းထန်စွာ ရွာသွန်းသော မိုး၊ ရေလျှံမှု၊ လျှောလျှပ်ခြင်းနှင့် မိုင်းခွဲခြင်း၊ မီးတောင်ပေါက်ခြင်းနှင့် လူသားတို့၏ အပြုအမူကြောင့်လည်း ကမ်းပါးပြိုဘေး ဖြစ်ပေါ်နိုင်ပါသည်။

မြေပြို၊ ကမ်းပါးပြိုဖြစ်စဉ်တွင် တွေ့ရှိရသော ထင်ရှားသိသာသော ဖြစ်ရပ်သုံးမျိုးမှာ (က) ဆင်ခြေလျှော စတင်ပြိုဆင်းရန် တာစူခြင်း၊ (ခ) နောက်ဆက်တွဲဖြစ်ရပ်အဖြစ် လျှောဆင်းလာခြင်းနှင့် (ဂ) နောက်ဆုံးတွင် ပြိုဆင်းလာသော အရာများ စုပုံသွားခြင်းတို့ ဖြစ်ပါသည်။

တောင်ကုတ်မြို့နယ်သည် မိုးရွာသွန်းမှုများခြင်း၊ တောင်များပေါ်များ၍ တောင်ကျချောင်းရေများခြင်း၊ မြစ်ကမ်းနဖူးတွင် ခိုင်ခံမှုအားနည်းသည့် အိမ်များဖြင့်နေထိုင်ကြခြင်း၊ အိမ်ယာ တည်ဆောက်မှုများမှာ ကြံ့ခိုင်မှုအားနည်းခြင်း၊ မြေယာအသုံးချမှု စီမံခန့်ခွဲမှုအားနည်းခြင်း စသည့် အချက်တို့ကြောင့် မြေပြိုခြင်းနှင့် ကမ်းပါးပြိုခြင်းတို့ဖြစ်ပြီး ထိခိုက်ဆုံးရှုံးမှုများနေသည်ကို တွေ့ရှိရပါသည်။ တောင်ကုတ်မြို့နယ်အတွင်း မြေပြို၊ ကမ်းပါးပြိုဘေး အန္တရာယ်ကျရောက်နိုင်ခြေပြ မြေပုံကို အောက်တွင် ဖော်ပြထားပါသည်။


**ဇယား (၅) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မြေပြို၊ ကမ်းပါးပြိုဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၁၉၉၃-၂၀၁၅ | - | အိမ်ခြေ (၁၀၀) နီးပါး ရွှေ့ပြောင်းခဲ့ရ | နတ်မော်၊ကိုင်းရှည် |
| ၂။ | ၂၀၁၂-၂၀၁၆ | - | အိမ်ခြေ (၁၂) နီးပါး ရွှေ့ပြောင်းခဲ့ရ | ရန်ခေါ် |
| ၃။ | ၂၀၁၆ | - | အိမ်စျေးဆိုင်ခန်းများပါသွားခဲ့ | ချောင်းအောက် |

# ပုံ(၆) ကျေးရွာအုပ်စုအလိုက် မြေပြိုကမ်းပါးပြိုအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

## Landslide Risk Map of Toungup Township




Map ID: MIMU1475v01
Creation Date: 25 April 2017, A4
Projection/Datum: Geographic/WGS84

Data Sources: UN Habitat
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD) translated by MIMU

**Legend**

- Main Town
- Other Town
- Major Road
- Coast Line
- Village Tract Boundary
- Township Boundary
- State/Region Boundary

**Hazard Level of Landslide**

- Low
- Middle
- High

info.mimu@undp.org
www.themimu.info

Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution.

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၅။ မိုးကြိုးဘေး

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မိုးကြိုးပစ်ခြင်းဆိုသည်မှာ တိမ်တစ်ခုမှ တစ်ခုအကြားတွင်လည်းကောင်း၊ တိမ်တိုက်တစ်ခုအတွင်းမှာ သော်လည်းကောင်း၊ တိမ်တိုက်နှင့် မြေပြင်ကြားမှာသော်လည်းကောင်း၊ လျှပ်စစ်ဓါတ်ကူးခြင်းကို ခေါ်ပါသည်။ မိုးကြိုးဖြစ်ပေါ်နိုင်သော အချိန်ကာလမှာ မိုးကြိုကာလဖြစ်သော (ဧပြီလ၊ မေလ) နှင့် မိုးနှောင်းကာလဖြစ်သော (အောက်တိုဘာလနှင့် နိုဝင်ဘာလ)များတွင် ဖြစ်ပွားနိုင်ပါသည်။ သတိပြုရန်မှာ မိမိနေထိုင်ရာ အနီးတစ်ဝိုက်တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီးနောက် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်ပါက မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနိုင်ပါသည်။

မိုးကြိုးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ခြေများသော ကာလများတွင် ကြိုတင်ကာကွယ်ရေးအနေဖြင့် သစ်ပင်၊ ဓာတ်တိုင်အနီး တွင်နေခြင်းနှင့် သံ/သတ္တုပစ္စည်းများကို ကိုင်ထားခြင်း ၊၎င်းတို့၏ အနီးတွင် နေထိုင်ခြင်းများကို ရှောင်ရှားသင့်ပါသည်။ ပင်လယ်၊ မြစ်ချောင်းနှင့် အင်းအိုင်တို့တွင် ရောက်ရှိပါက အမြန်ဆုံး ကမ်းပေါ်သို့တက်၍ အိမ်(သို့)လုံခြုံသော အမိုးအကာအောက်တွင် နေသင့်ပါသည်။ အမြင့်တွင် မနေသင့်ပါ။ ထို့အပြင် အိမ်အတွင်းတွင် ရှိနေပါက လျှပ်စစ်ပစ္စည်းများကို အသုံးမပြုဘဲ ပလပ်များဖြုတ်ထားခြင်း၊ လျှပ်စီးနိုင်သော ရေပိုက်နှင့် ရေဆေးခွက်များ အနီးတွင် နေထိုင်ခြင်းမှ ရှောင်ရှားရပါမည်။ အဆောင်အအုံများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားသင့်ပါသည်။

မိုးကြိုးပစ်ခံရပါက အသက်သေဆုံးခြင်း၊ အသက်ရှင်ကျန်ပါက မသန်စွမ်းမှုကျန်ခြင်းများ ဖြစ်သွားနိုင်ပြီး မိုးကြိုးသင့်သော တဲအိမ်များမှ နောက်ဆက်တွဲမီးလောင်ခြင်း ဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။ မိုးကြိုးဘေးဒဏ် ခံစားရခဲ့သည့် သမိုင်းဖြစ်စဥ်များအပေါ်မူတည်ကာ တောင်ကုတ်မြို့နယ်၏ မိုးကြိုးဘေးအန္တရာယ်ကျ ရောက်နိုင်ခြေပြမြေပုံကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ဖော်ထုတ်ပြီး အောက်တွင်ဖော်ပြထားပါသည်။


**ဇယား (၆) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုးကြိုးဘေးနှင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၁၉၈၇ (မေလ) | ၇ | - | ချောင်းသုံးခွ |
| ၂။ | ၁၉၉၀ | ၁ | - | ချက်ဖေါက်အုပ်စု |
| ၃။ | ၂၀၁၂ | ၁ | - | ပြည်စိုးပြင် |

# ပုံ (၇) ကျေးရွာအုပ်စုအလိုက် မိုးကြိုးဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

## Thunderstorms Risk Map of Toungup Township




Map ID: MIMU1475v01
Creation Date: 25 April 2017, A4
Projection/Datum: Geographic/WGS84

Data Sources: UN Habitat
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD) translated by MIMU

**Legend**

| | | |
|---|---|---|
| Main Town | Coast Line | **Hazard Level of Thunderstorms** |
| Other Town | Village Tract Boundary | Low |
| Major Road | Township Boundary | Middle |
| | State/Region Boundary | High |

info.mimu@undp.org
www.themimu.info

Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution.

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၆။ မီးဘေး

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မီးလောင်ခြင်းဆိုသည်မှာ အပူ၊ လောင်စာနှင့် အောက်ဆီဂျင်တို့ ဓါတ်ပြုခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မီးလောင်မှုဖြစ်စေသော အကြောင်းရင်းမှာ နေအိမ်များတွင် ဖြစ်ပေါ်သော မတော်တဆမှုများ (လျှပ်စစ်ပစ္စည်းများ ခံနိုင်ရည်ဝန်အားထက် ပိုမိုအသုံးပြုခြင်း၊ လောင်စာဆီမှ မီးလောင်ခြင်း၊ ဆေးလိပ်မီးကို မဆင်မခြင်စွန့်ပစ်ခြင်း၊ သောက်ခြင်း၊ အပူပေးသော ပစ္စည်းများကို မဆင်မခြင်ပေါ့ဆစွာ အသုံးပြုခြင်း၊ ခေတ်မီ လျှပ်စစ်ပစ္စည်းများကို အသုံးပြုမှုနည်းပါးခြင်းနှင့် သတိမေ့လျော့ခြင်း၊ မီးဖိုမီးသုံးရာတွင် ပေါ့ဆခြင်း၊ မီးလောင်လွယ်သော အိမ်ဆောက်ပစ္စည်းများကို အသုံးပြုခြင်း၊ မီးလောင်လွယ်သော အမှိုက်များကို စည်းကမ်းမဲ့စုပုံထားမှု)၊နှင့် (လူတို့ကြောင့် လောင်ကျွမ်းခြင်းနှင့် သဘာဝအလျောက် လောင်ကျွမ်းခြင်း)၊ အဖျက်အမှောက် သဘောဖြင့် လောင်စေသော ရှို့မီး တို့ဖြစ်ပါသည်။

မီးဘေးကြောင့် လူ(မီးလောင်နေသောအဆောက်အအုံတွင် ပိတ်မိသော)များနှင့် တိရိစ္ဆာန်များ၏ အသက်များဆုံးရှုံးခြင်း၊ လူနေအိမ်ခြေများ၊ လုပ်ငန်းခွင်နေရာများ၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ပျက်စီးဆုံးရှုံးခြင်း၊ မီးလောင်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း။ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခံရခြင်းတို့ ဆုံးရှုံးနိုင်ပါသည်။ ထို့ ပြင် တောမီးလောင်မှုကြောင့် သစ်တောနှင့် မြေဆီလွှာများ ဆုံးရှုံးရခြင်း၊ ရေဝေရေလဲဒေသများ ခန်းခြောက်ခြင်း၊ သဘာဝတောရိုင်းသတ္တဝါတို့ အန္တရာယ်ကြုံတွေ့ရခြင်း၊ စားကျက်မြေများ ပျက်စီးခြင်းစသော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။

တောင်ကုတ်မြို့ပေါ်ရှိ လမ်းများမှာ များသောအားဖြင့် မီးသတ်ယာဉ် သွားလာနိုင်သော်လည်း လမ်းအနည်းစုမှာ ကျဉ်းမြောင်းပြီး တစ်ဘက်ပိတ်လမ်းများ ရှိနေခြင်းတို့ကြောင့် အချို့လမ်းများမှာ မီးသတ်ယာဉ် ဝင်ထွက်ရန် အခက်အခဲရှိခြင်း၊ လူနေအိမ်ထူထပ်ခြင်း၊ သစ်၊ ဝါး၊ ဓနိ၊ သက်ကယ်များဖြင့် အိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊ သဘော်ဆိပ်မြို့ဖြစ်ခြင်း၊ စက်မှုလုပ်ငန်းများ တိုးတက်လာခြင်းစသည့် အချက်များ ကြောင့် တောင်ကုတ်မြို့နယ်သည် မီးဘေးအန္တရာယ်မှ ကျရောက်နိုင်ခြေများသည်ကို တွေ့ရှိရသည်။

**ဇယား (၇) တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မီးဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ**


| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | မီးအမျိုးအစား | ဖြစ်ပွားခဲ့သည့် အကြိမ်အရေအတွက် | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၂၀၁၂ | ပေါ့ဆမီး | (၁)ကြိမ် | (၁၄၂၂၅၀၀) |
| ၂။ | ၂၀၁၂ | ရှို့မီး | (၁)ကြိမ် | |
| ၃။ | ၂၀၁၃ | ပေါ့ဆမီး | (၂)ကြိမ် | (၉၀၀၀) |
| ၄။ | ၂၀၁၄ | ပေါ့ဆမီး | (၂)ကြိမ် | (၃၃၁၀၀၀) |
| ၅။ | ၂၀၁၄ | ရှို့မီး | (၄)ကြိမ် | |
| ၆။ | ၂၀၁၄ | ဝါယာရှော့ | (၁)ကြိမ် | |
| ၇။ | ၂၀၁၅ | ပေါ့ဆမီး | (၁)ကြိမ် | (၇၀၀၀၀၀) |
| ၈။ | ၂၀၁၅ | ရှို့မီး | (၄)ကြိမ် | |

ကောက်ယူထားသော အချက်အလက်များအရ မီးဘေးစိုးရိမ်ရသော ရပ်ကွက်များမှာ သိမ်တောင်ရပ်ကွက်၊ ကံပိုင်ရပ်ကွက်၊ ချောင်းကောက်၊ ဂူတာရပ်ကွက်နှင့် ကိုင်းရှည်ရပ်ကွက်တို့ ဖြစ်ပါသည်။အောက်တွင် ဖော်ပြထားသော ကျေးရွာအုပ်စုအလိုက် ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံတွင် တောင်ကုတ်မြို့နယ်၏ မီးဘေးအန္တရာယ်ကျရောက်နိုင်မှုအခြေအနေကို ဖော်ပြထားပါသည်။

## ပုံ (၈) ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

# Fire Risk Map of Toungup Township




| | | |
|---|---|---|
| **Map ID: MIMU1475v01**<br>Creation Date: 25 April 2017, A4<br>Projection/Datum: Geographic/WGS84<br><br>Data Sources: UN Habitat<br>Base Map: MIMU<br>Boundaries: WFP/MIMU<br>Place names: Ministry of Home Affairs (GAD) translated by MIMU | **Legend**<br>Main Town — Coast Line<br>Other Town — Village Tract Boundary<br>Major Road — Township Boundary<br>State/Region Boundary<br>**Hazard Level of Fire**<br>Low<br>Middle | info.mimu@undp.org<br>www.themimu.info<br><br>Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution. |

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၃-၂။ အန္တရာယ် ကျရောက်လွယ်မှုလေ့လာဆန်းစစ်ချက် (Vulnerability Assessment)

တောင်ကုတ်မြို့နယ်၏ မြေမျက်နှာသွင်ပြင် အနေအထားအရ မြစ်ချောင်းများ ပေါများသဖြင့် မိုးရာသီတွင် ရေဘေးအန္တရာယ် မကြာခဏ ကျရောက်လေ့ရှိပါသည်။ ထို့အပြင် မြို့နယ်အတွင်းရှိလမ်းအနည်းစုမှာ ကျဉ်းမြောင်းပြီး တစ်ဘက်ပိတ်လမ်းများ ရှိနေခြင်းတို့ကြောင့် အချို့လမ်းများမှာ မီးသတ်ယာဉ် ဝင်ထွက်ရန် အခက်အခဲရှိခြင်း၊ လူနေအိမ်ထူထပ်ခြင်းများကြောင့် မီးဘေးကျရောက်လွယ်မှုများပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်ကျရောက်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment) လုပ်ဆောင်ရာတွင် ကျရောက်နိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ကျရောက်လွယ်မှုများကို အခြေခံ၍ လေ့လာသုံးသပ်ထားပါသည်။

### ၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု

ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အချက်အလက်များတွင် လမ်းပန်းဆက်သွယ်ရေး၊ နေထိုင်ရာအဆောက်အအုံအမျိုးအစား၊ သောက်သုံးရေရရှိမှု အခြေအနေများပါဝင်သည်။

#### (က) လမ်းပန်းဆက်သွယ်ရေး

တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ရာခိုင်နှုန်းခန့်သည် သွားရေးလာရေးခက်ခဲသောကြောင့် ဘေးအန္တရာယ်ဖြစ်ပွားပါက လက်လှမ်းမီရန်၊ အချိန်မီတုံ့ပြန်နိုင်ရန် ခက်ခဲပါသည်။ တောင်ကုတ်မြို့မှ အခြားမြို့များသို့ သွားသောလမ်းများသည် တောင်ပတ်လမ်းများဖြစ်ခြင်း၊ တံတားများရှိခြင်းကြောင့် ရေကြီးခြင်းနှင့် မုန်တိုင်းဘေးများဖြစ်ပေါ်ပါက မြေပြို၍ လမ်းပိတ်ဆို့ခြင်း၊ တံတားများ ပျက်စီးခြင်းတို့ကြောင့် သွားလာရေးခက်ခဲမှုဖြစ်ပေါ်ပြီး ဘေးအန္တရာယ်တုံ့ပြန်ရေးတွင် အခက်အခဲများ ရှိနိုင်ပါသည်။

#### (ခ) အဆောက်အဦများ

တောင်ကုတ်မြို့နယ်အတွင်းရှိ လူနေအိမ်များ၏ (၆၂)ရာခိုင်နှုန်းခန့်မှာ သစ်သားအိမ်၊ တဲအိမ်နှင့် ဝါးအိမ်များဖြစ်ကြပြီး သဘာဝဘေးဒဏ်မခံနိုင်သော အဆောက်အဦအမျိုးအစားများ ဖြစ်ကြပါသည်။ ထို့ကြောင့် လေပြင်းဘေးနှင့် မီးဘေးကဲ့သို့သော ဘေးအန္တရာယ်များကျရောက်ပါက ထိခိုက်လွယ်မှုများနိုင်ပါသည်။ မြို့ပေါ်ရပ်ကွက်များတွင် အုတ်အိမ်နှင့် အိမ်ကြီးများဖြင့် နေထိုင်သူ ရာခိုင်နှုန်းအသင့်အတင့် ရှိသော်လည်း ခိုင်ခံမှုအားနည်းသည်ကို တွေ့ရပါသည်။ ထို့အပြင် အဆောက်အဦအများစုမှာ ပုံမှန်မြေစိုက်အိမ်များ ဖြစ်ကြသောကြောင့် ရေဘေးအတွက် အန္တရာယ်ရှိနိုင်ပါသည်။

#### (ဂ) သောက်သုံးရေရရှိမှု

ကောက်ယူထားသော စာရင်းဇယား အချက်အလက်များအရ တောင်ကုတ်မြို့နယ်တွင် ရေရရှိမှုအတွက် ရေတွင်း၊ ရေကန်များကို အဓိက အသုံးပြုကြပြီး မြစ်၊စမ်းချောင်းများနှင့် နီးသော ကျေးရွာအချို့တွင်သာ မြစ်ရေအသုံးပြုကြပါသည်။ အပူရှိန်ပြင်းထန်သော နွေရာသီမျိုးတွင် မြေအောက်ရေရရှိမှု လျော့ကျပါက သောက်သုံးရေ ရှားပါးလာပါသည်။

### ၃-၂-၂။ လူမှုစီးပွားရေးဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု

တောင်ကုတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများ အဓိက လုပ်ကိုင်ဆောင်ရွက်ကြပြီး ထွက်ကုန်များမှာ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရေထွက်ပစ္စည်းများနှင့် စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်ပါသည်။ မြို့နယ်အတွင်း အစွန်အဖျားကျေးရွာများတွင် နေထိုင်သူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများမှာ ဘေးအန္တရာယ်ကျရောက်ပါက မုန်တိုင်းသတိပေးချက် အချိန်မီ လက်ခံရရှိရန် အခက်အခဲရှိပါသည်။

**မိသားစုဝင်ငွေ**

ကောက်ယူထားသော အချက်အလက်များအရ တစ်ရက်လျှင် အများဆုံး ဝင်ငွေ (၆၀၀၀)ကျပ်နှင့် အထက်ရရှိသော မိသားစု ရာခိုင်နှုန်းသည် (၂၁) ရာခိုင်နှုန်းခန့်ရှိပါသည်။ ဥပဒေအရ သတ်မှတ်ထားသော အနိမ့်ဆုံး ဝင်ငွေအောက်ရရှိသော မိသားစု ရာခိုင်နှုန်းမှာ (၆၄) ရာခိုင်နှုန်းရှိသောကြောင့် ကျပမ်းအလုပ်လုပ်ကိုင်သူ ဦးရေများသည်ဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် မိသားစုဝင်ငွေ နည်းပါးသူများသည် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲ ရှိနိုင်ပြီး ဘေးကျရောက်လာပါကလည်း ထိခိုက်ခံရမှုများနိုင်သူများ ဖြစ်ကြပါသည်။

### ၃-၂-၃။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု

တောင်ကုတ်မြို့နယ်အတွင်း ယခင်က စီးပွားရေးလုပ်ငန်းများ အနည်းအကျဉ်းသာ ရှိခဲ့သော်လည်း ယခုအခါ လူဦးရေ တိုးပွားလာမှုနှင့်အညီ အသေးစား စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ် အရေအတွက်များ များပြားလာပါသည်။ ထို့အပြင် သစ်တောဖုံးလွှမ်းမှု ဧရိယာမှာလည်း လျော့ကျလာသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မုန်တိုင်းနှင့်လေပြင်းဘေးများ ကျရောက်ပါက ခုခံနိုင်မှု စွမ်းအားလျော့နည်းစေနိုင်ပါသည်။

## ၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment)

တောင်ကုတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် တစ်ခုခုကျရောက်လာသည့်အခါ အချိန်မီတုံ့ပြန်ရင်ဆိုင်နိုင်ရန်၊ သဘာဝဘေး လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရရှိနိုင်သော ရုပ်ဝတ္ထုပစ္စည်းများနှင့် ကူညီဆောင်ရွက်ပေးနိုင်မည့် လူသားအရင်းအမြစ်များကို လေ့လာ ဖော်ထုတ်ထားပါသည်။

### ၃-၃-၁။ တည်နေရာနှင့် သွားလာရေး လွယ်ကူမှု

တောင်ကုတ်မြို့နယ်သည် အရှေ့ဘက်တွင် မင်းတုန်းမြို့နယ်နှင့် ပန်းတောင်းမြို့နယ်၊ တောင်ဘက်တွင် သံတွဲမြို့နယ်၊ အနောက်ဘက်တွင် ရမ်းဗြဲမြို့နယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် အမ်းမြို့နယ်တို့နှင့်ထိစပ်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သော မြို့နယ်တစ်ခုဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် အခြားဒေသများသို့ တိုက်ရိုက်သွားလာနိုင်သည့် ကားလမ်းများလည်း ရှိပါသည်။ မြစ်ချောင်းများ ပေါ်များသည့်ဒေသဖြစ်သောကြောင့် ရေကြောင်းလမ်း အသုံးပြုနိုင်ပြီး ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့သို့ သွားရောက်နိုင်သည့် ရေမိုင်(၂၂၄)မိုင်ရှိသည့် ရေကြောင်းလမ်းလည်း ရှိပါသည်။

### ၃-၃-၂။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ

တောင်ကုတ်မြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကျရောက်ပါက အရေးပေါ်ခိုလှုံနိုင်သည့် နေရာများသတ်မှတ်ထားရန်နှင့် သွားရောက်နိုင်သည့် လမ်းကြောင်းများအား ပြည်သူများ သိရှိစေရန် လိုအပ်ပါသည်။ တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၏ (၈၅) ရာခိုင်နှုန်းခန့်တွင် ဘေးကျရောက်ပါက ခိုင်ခံ့လုံခြုံစွာ ခိုလှုံနိုင်သည့် အဆောက်အဦများ လုံလောက်စွာ တည်ရှိပါသည်။

### ၃-၃-၃။ သတင်းလက်ခံရရှိမှု

တောင်ကုတ်မြို့နယ်ရှိ လူဦးရေ(၇၅) ရာခိုင်နှုန်းမှာ မိုဘိုင်းဖုန်းများ သုံးစွဲနိုင်ကြသဖြင့် ဘေးအန္တရာယ်မကျရောက်

မီ ကြိုတင်သတိပေးချက်များ ပေးပို့ရာတွင် လွယ်ကူမှုရှိစေနိုင်ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ ကောက်ယူထားသော အချက်အလက်များအရ ဘေးအန္တရာယ်ဆိုင်ရာ သတင်းလက်ခံရရှိမှုအများစုမှာ ကျေးရွာလူကြီးများဆီမှနှင့် ရေဒီယိုများမှ ဖြစ်ပါသည်။

## ၃-၃-၄။ လူ့စွမ်းအား အရင်းအမြစ်များ

ကျေးရွာများအထိ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ အရေးပေါ် ရွှေ့ပြောင်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကြက်ခြေနီလူငယ်များ၊ အရန်မီးသတ်အဖွဲ့များ၊ သာရေးနာရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ မိခင်ကလေး စောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ ကဲ့သို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်သားများ အင်အားများကို အသုံးပြုနိုင်ပါသည်။ တောင်ကုတ်မြို့နယ်အတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းများစာရင်းကို နောက်ဆက်တွဲ (၃)တွင် ဖော်ပြထားပါသည်။

## ၃-၃-၅။ ပညာရေးဆိုင်ရာ အချက်အလက်များ

တောင်ကုတ်မြို့နယ်သည် ပညာရေးကောင်းမွန်သော မြို့နယ်ဖြစ်ပြီး အချက်အလက်များအရ အထက (၁၀) ကျောင်းရှိပြီး အထက-ခွဲ (၅)ကျောင်းရှိပါသည်။ ထို့အပြင် အဆင့်မြင့် ပညာရေးအနေဖြင့် တောင်ကုတ် ဒီဂရီကောလိပ်လည်း ဖွင့်လှစ်ထားပါသည်။ ကောက်ယူထားသော အချက်အလက်များအရ တောင်ကုတ်မြို့နယ်၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၉၉. ၈၇) ရာခိုင်နှုန်း ဖြစ်ပါသည်။

# အခန်း [ ၄ ]

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ

တောင်ကုတ်မြို့နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ၎င်း၏လက်အောက်တွင် လုပ်ငန်းကော်မတီ (၁၁)ဖွဲ့ ဖွဲ့စည်းထားပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတွင်းရေးမှူးသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ရန် အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Focal Person) အဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

## တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံဇယား

**တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

| | |
|---|---|
| သတင်းနှင့် ပညာပေးလုပ်ငန်းကော်မတီ | ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ |
| အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ | ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ |
| ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ | ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ |
| ပျက်စီးမှုပမာဏသတင်းရရှိရေး လုပ်ငန်းကော်မတီ | လုံခြုံရေး လုပ်ငန်းကော်မတီ |
| ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ | ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ |
| | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ |

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှုများ**

တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

### ၄-၁။ တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းထားရှိမှု

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး (မြန်မာနိုင်ငံရဲတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | အမှုဆောင်အရာရှိ (စည်ပင်သာယာရေးကော်မတီ) | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဆရာဝန်ကြီး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | မြို့နယ်ပညာရေးမှူး (အခြေခံပညာဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၀) | တာဝန်ခံ (လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း) | အဖွဲ့ဝင် |
| (၁၁) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၂) | တာဝန်ခံ (အိတ်ချိန်း) | အဖွဲ့ဝင် |
| (၁၃) | ဦးစီးအရာရှိ (နည်းပညာ၊ လမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၄) | တပ်ရင်းမှူး (ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၁၅) | ဦးစီးအရာရှိ (လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၆) | စခန်းမှူး (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၇) | ဦးစီးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၈) | မန်နေဂျာ (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၉) | ဦးစီးအရာရှိ (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၂၀) | လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၂၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၄-၂။ တောင်ကုတ်မြို့နယ် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ(၁၁)ခုကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

**၁။ သတင်းနှင့် ပညာပေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစီးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ပညာရေးမှူး (အခြေခံပညာဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဆရာဝန်ကြီး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | တာဝန်ခံ (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား) | အဖွဲ့ဝင် |
| (၆) | တာဝန်ခံ (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဥက္ကဋ္ဌ (အမျိုးသမီးရေးရာအဖွဲ့) | အဖွဲ့ဝင် |
| (၈) | မြို့နယ်ဥက္ကဋ္ဌ (မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း) | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ (နည်းပညာ၊ လမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၀) | ဦးစီးအရာရှိ (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

**၂။ အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်ရဲတပ်ဖွဲ့မှူး | ဥက္ကဋ္ဌ |
| (၂) | တပ်ကိုယ်စားလှယ် (ခမရ ၃၄၆) | အဖွဲ့ဝင် |
| (၃) | တာဝန်ခံ (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | တာဝန်ခံ (အိတ်ချိန်း) | အဖွဲ့ဝင် |
| (၅) | တာဝန်ခံ (မိုဘိုင်းကွန်ရက်) | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာစခန်းမှူးများ | အဖွဲ့ဝင် |
| (၇) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၈) | ကြီးကြပ်ရေးမှူး (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) | အတွင်းရေးမှူး |
| (၉) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

**၃။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | တပ်ကိုယ်စားလှယ် (ခမရ ၃၄၆) | အဖွဲ့ဝင် |
| (၃) | တာဝန်ခံ (အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | တာဝန်ခံ (သတင်းတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (နည်းပညာ၊ လမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | လက်ထောက်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | တပ်ခွဲမှူး (ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၈) | သက်ဆိုင်ရာစခန်းမှူးများ | အဖွဲ့ဝင် |
| (၉) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၁၀) | အတွင်းရေးမှူး (မော်တော်ယာဉ်လိုင်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီ) | အဖွဲ့ဝင် |
| (၁၁) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၂) | ဒုဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

**၄။ ပျက်စီးမှုပမာဏသတင်းရရှိရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | လက်ထောက်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (သမဝါယမဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ (ဆန်ကုန်သည်အသင်း) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၁၀) | ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး (မြို့မရဲစခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့) | အတွင်းရေးမှူး |
| (၁၁) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၅။ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | မန်နေဂျာ (စီးပွားရေးနှင့်လယ်ယာဖွံ့ဖြိုးရေးဘဏ်) | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | ဒုဦးစီးမှူး (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ (လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (ပြည်တွင်းအခွန်များဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (စည်ပင်သာယာရေးကော်မတီ) | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ (နည်းပညာ၊ လမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၀) | တာဝန်ခံ (စက်မှု-၁) | အဖွဲ့ဝင် |
| (၁၁) | လက်ထောက်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၂) | ဦးစီးအရာရှိ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၃) | ဒုဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၆။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးမှူး (ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (နည်းပညာ၊ လမ်းဦးစီး) | အဖွဲ့ဝင် |
| (၄) | တာဝန်ခံ (မိုက္ကရို) | အဖွဲ့ဝင် |
| (၅) | တာဝန်ခံ (လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း) | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ (ရေယာဉ်ပိုင်ရှင်များအသင်း) | အဖွဲ့ဝင် |
| (၇) | မန်နေဂျာ (ကမ်းရိုးတမ်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | လက်ထောက်မီးသတ်ဦးစီးမှူး (မီးသတ်ဦးစီးဌာန) | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ (မော်တော်ယာဉ်လိုင်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီ) | အဖွဲ့ဝင် |
| (၁၀) | အမှုဆောင်အရာရှိ (စည်ပင်သာယာရေးကော်မတီ) | အဖွဲ့ဝင် |
| (၁၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၂) | စခန်းမှူး (မြို့မရဲစခန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့) | တွဲဖက်အတွင်းရေးမှူး |

| | | | |
|---|---|---|---|
| ၇။ | **ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ** | | |
| | (၁) | မြို့နယ်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| | (၂) | တပ်ခွဲမှူး (ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| | (၃) | လက်ထောက်တိုင်းရင်းဆေးမှူး | အဖွဲ့ဝင် |
| | (၄) | ပုဂ္ဂလိကဆေးခန်းများ | အဖွဲ့ဝင် |
| | (၅) | သက်ဆိုင်ရာ တိုက်နယ်ဆရာဝန်များ | အဖွဲ့ဝင် |
| | (၆) | မြို့နယ်ဥက္ကဋ္ဌ (အမျိုးသမီးရေးရာအဖွဲ့) | အဖွဲ့ဝင် |
| | (၇) | မြို့နယ်ဥက္ကဋ္ဌ (မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း) | အဖွဲ့ဝင် |
| | (၈) | လက်ထောက်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အတွင်းရေးမှူး |
| | (၉) | ကျန်းမာရေးမှူး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |
| ၈။ | **ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ** | | |
| | (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| | (၂) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| | (၃) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| | (၄) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | အဖွဲ့ဝင် |
| | (၅) | ဦးစီးအရာရှိ (လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) | အဖွဲ့ဝင် |
| | (၆) | မြို့နယ်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| | (၇) | မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်) | အဖွဲ့ဝင် |
| | (၈) | ဦးစီးအရာရှိ (ပြည်တွင်းအခွန်များဦးစီးဌာန) | အဖွဲ့ဝင် |
| | (၉) | တာဝန်ခံ (လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း) | အဖွဲ့ဝင် |
| | (၁၀) | တာဝန်ခံ (စက်မှု ၁) | အဖွဲ့ဝင် |
| | (၁၁) | တာဝန်ခံ (မိုက္ကရို) | အဖွဲ့ဝင် |
| | (၁၂) | ဒုဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| | (၁၃) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| | (၁၄) | ဦးစီးအရာရှိ (စည်ပင်သာယာရေးကော်မတီ) | အဖွဲ့ဝင် |
| | (၁၅) | ဦးစီးအရာရှိ (လမ်းအထူးအဖွဲ့) | အဖွဲ့ဝင် |
| | (၁၆) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| | (၁၇) | လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| | (၁၈) | ဦးစီးအရာရှိ (နည်းပညာ၊ လမ်းဦးစီးဌာန) | အတွင်းရေးမှူး |
| | (၁၉) | အငယ်တန်းအင်ဂျင်နီယာ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |
| ၉။ | **လုံခြုံရေး လုပ်ငန်းကော်မတီ** | | |
| | (၁) | မြို့နယ်ရဲတပ်မှူး (မြန်မာနိုင်ငံရဲတပ်ဖွဲ့) | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၂) | တာဝန်ခံ (သတင်းတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၃) | တပ်ခွဲမှူး (ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၄) | တပ်ခွဲမှူး (အရံမီးသတ်) | အဖွဲ့ဝင် |
| (၅) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၆) | စခန်းမှူးများအားလုံး | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး (မြန်မာနိုင်ငံရဲတပ်ဖွဲ့) | အတွင်းရေးမှူး |
| (၉) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၁၀။ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၃) | မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်) | အဖွဲ့ဝင် |
| (၄) | မန်နေဂျာ (စိုက်ပျိုးရေးနှင့်လယ်ယာဖွံ့ဖြိုးရေးဘဏ်) | အဖွဲ့ဝင် |
| (၅) | မြို့နယ်ပညာရေးမှူး (ပညာရေးဌာန) | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ (ရေယာဉ်ပိုင်ရှင်များအသင်း) | အဖွဲ့ဝင် |
| (၇) | မြို့မိမြို့ဖများ | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ (မော်တော်ယာဉ်လိုင်းကြီးကြပ်ထိန်းသိမ်းရေးကော်မတီ) | အဖွဲ့ဝင် |
| (၉) | အငယ်တန်းအင်ဂျင်နီယာ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၀) | ဦးစီးမှူး (ပြည်တွင်းအခွန်များဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၁) | လက်ထောက်ညွှန်ကြားရေးမှူး (စည်ပင်သာယာရေးကော်မတီ) | တွဲဖက်အတွင်းရေးမှူး |

## ၁၁။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ကျေးရွာအုပ်ချုပ်ရေးမှူးများအားလုံး | အဖွဲ့ဝင် |
| (၈) | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအသင်းအဖွဲ့များ | အဖွဲ့ဝင် |
| (၉) | လက်ထောက်ညွှန်ကြားရေးမှူး (စည်ပင်သာယာရေးကော်မတီ) | အတွင်းရေးမှူး |
| (၁၀) | လက်ထောက်မန်နေဂျာ (သစ်ထုတ်လုပ်ရေးလုပ်ငန်း) | တွဲဖက်အတွင်းရေးမှူး |

# အခန်း [ ၅ ]

# တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

## ၅-၁။ ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

တောင်ကုတ်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ဒဏ် လျော့ပါးစေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျနှင့် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းကော်မတီများ၏တာဝန်များကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် သတ်မှတ်ထားပါသည်။

| ဘေးမကျရောက်မီ |
| --- |
| • မြို့နယ်တွင်း ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များကို နှစ်အလိုက်စာရင်းပြုစုပြီး၊ ကျရောက်နိုင်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့နည်းသက်သာစေရန် စီမံချက်ရေးဆွဲ၍ အထက်သို့ အဆင့်ဆင့်တင်ပြရန်။ |
| • ကျရောက်နိုင်သော ဘေးအန္တရာယ် တစ်ခုချင်းစီအလိုက်၊ ကဏ္ဍအလိုက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် မုန်တိုင်းဘေးအတွက် မုတ်သုန်အကြိုကာလဖြစ်သော မတ်လနှင့် ဧပြီလအတွင်း ကြိုတင်ပြင်ဆင်ထားမှုများကို လေ့လာဆန်းစစ်ရန်။ |
| • မြစ်ချောင်းထဲသို့ အမှိုက်များနှင့် စက်ရုံအလုပ်ရုံမှထွက်သော ဘေးထွက်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးဖြစ်မှုမှ လျော့ကျရန် အညစ်အကြေးများအား သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ရန် စည်းကမ်းကြပ်မတ်ခြင်းများ ပြုလုပ်ရန်။ |
| • ဘေးအန္တရာယ် ကျရောက်လွယ်သော ဦးစားပေးနယ်ပယ်များကို ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ဖော်ထုတ်ရန်။ |
| • မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကို ပုံမှန်ကျင်းပခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှု လျော့ပါးရေးနှင့် ကြိုတင် ပြင်ဆင်ရေး အစီအမံများအား စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုရန်။ |

- မိမိမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝ ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားရန်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး (သို့)မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများသို့ အကြံပြုချက်များပေးရန်။
- မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မိုးလေဝသသတင်းများကို စဉ်ဆက်မ ပြတ်ကြည့်ရှုပြီး မိမိမြို့နယ်ရှိ ရပ်ရွာလူထုများဆီသို့ သတင်းများပေးပို့ရန်အတွက် လုပ်ငန်းကော်မတီများကို ညွှန်ကြားရန်။
- ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ တည်ထောင်ခြင်း၊ ရှေးဦးပြုစုနည်းသင်တန်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်းနှင့် လိုအပ်သော စွမ်းဆောင်ရည် တည်ဆောက်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်။
- လက်သမား၊ ပန်းရံနှင့် ကျွမ်းကျင်လုပ်သားများကို ဘေးအန္တရာယ် မကျရောက်မီ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သင်တန်းများ ပို့ချပေးခြင်းနှင့် သင်တန်းပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- သတင်းနှင့်ပညာပေး လုပ်ငန်းကော်မတီအား လူထုသို့သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ဆောင်ရန်နှင့် ရှောင်ရန်များအား ပညာပေးရန် လမ်းညွှန်ခြင်း။
- အရေးပေါ် ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်ရန်အတွက် လိုအပ်သော ယာဉ်များနှင့် လောင်စာများ၊ လှေများ၊ ဆေးဝါးများ၊ ပစ္စည်းကိရိယာများကို မုတ်သုန်မတိုင်မီကာလတွင် စီစဉ်ထားရှိရန် ညွှန်ကြားခြင်း။
- ဘေးအန္တရာယ်ခံနိုင်သော အဆောက်အဦများအား စာရင်းပြုစုခြင်းနှင့် လိုအပ်သော သတင်းအချက်အလက်များ စာရင်းပြုစုရန် ညွှန်ကြားခြင်း။
- ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဘေးအန္တရာယ်သတိပြုရေး မြေစိုက်ပိုစတာ၊ နံရံကပ်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများ ပြုလုပ်ရန် ညွှန်ကြားကြီးကြပ်ရန်။
- ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုများထံသို့ ဖြန့်ဝေပေးရေးညွှန်ကြားရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဖြစ်ပွားလာနိုင်မည့် ကပ်ရောဂါများအတွက် စီမံချက်များ ရေးဆွဲထားခြင်း။
- သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အန္တရာယ်ရှိသော နေရာများမှ စွန့်ခွာ၍ ဘေးကင်းလုံခြုံသောနယ်မြေများ သတ်မှတ်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စုများ၊ ရပ်ရွာလူထုများနှင့် ဆွေးနွေးတိုင်ပင်ရန်။
- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက် ထိရောက်မှုအားသုံးသပ်ရန် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ရပ်ရွာလူထုများ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ရန်။
- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**ဘေးကျရောက်စဉ်**

- ကြိုတင်စုဆောင်းထားသော အရန်ရိက္ခာနှင့် ရေများအား ဘေးကင်းသည့် နေရာများသို့ ရွှေ့ပြောင်းထိန်းသိမ်းရေး အတွက် စီစဉ်ရန်။
- အရေးပေါ်သတိပေးချက် ရရှိသည်နှင့် တပြိုင်နက် ဘေးထိခိုက်လွယ်သည့် နေရာတွင်နေထိုင်သော ရပ်ရွာလူထု များကို ဘေးကင်းရာသို့ လျင်မြန်စွာ ရွှေ့ပြောင်းရေးစီစဉ်ရန်။
- သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဦးစွာ အန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့ပေးရန် ညွှန်ကြားရန်။
- ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ်စီမံ ခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်း၍ ဖြစ်စဉ်များကို အချိန်နှင့်တပြေးညီ အထက်အဖွဲ့အစည်းများသို့ အစီရင်ခံ တင်ပြရန်။
- ကောလာဟလ ပျံ့နှံ့မှုများအား ရပ်တန့်စေခြင်းနှင့် လူထုကို လက်တွေ့အခြေအနေမှန်အား အသိပေးရန်။
- အခြားအဖွဲ့အစည်းများထံမှ သတင်းအချက်အလက်စုဆောင်းခြင်းအားဖြင့် ထိခိုက်သူများအတွက် ကယ်ဆယ်ရေး၊ ဘေးကင်းခိုလှုံရာနေရာ၊ ကျန်းမာရေးနှင့် လုံခြုံရေးအစီအစဉ်များ ပြုလုပ်ရန်။

**ဘေးကျရောက်ပြီး**

- ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေး၍ ထောက်ပံ့မှုအမြန်ရရန် အာဏာပိုင်သို့ တင်ပြဆောင်ရွက်ရန်။
- ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးရန်နှင့် ဘေးကြုံတွေ့ခဲ့ရသူများအား စိတ်ပိုင်းဆိုင် ရာ စောင့်ရှောက်မှုများပေးရန်။
- လုပ်ငန်းကော်မတီများမှ ရရှိလာသော ပျောက်ဆုံးသူ၊ ဒဏ်ရာရသူ၊ သေဆုံးသူအရေအတွက်၊ ပျက်စီးမှု၊ ဆုံးရှုံးမှု နှင့် ထိခိုက်သူများဆိုင်ရာ အချက်အလက်များကို စုဆောင်းပြုစုပြီး အထက်သို့အစီရင်ခံတင်ပြရန်။
- စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအောက်ရှိ လုပ်ငန်းကော်မတီများမှ ကော်မတီဝင်များအကြား သတင်းနှင့်အမြင် များ ဖလှယ်နိုင်ရန် လိုအပ်သလို အစည်းအဝေးများပြုလုပ်ရန်။
- အရေးပေါ်တုန့်ပြန်မှုများ ဆောင်ရွက်ခြင်း၊ အပျက်အစီးများကို ရှင်းလင်းပြီး ဒါဏ်ရာရရှိသူများနှင့် ထိခိုက်မှု ခံရသူ များအား လုံခြုံစိတ်ချရသော နေရာများသို့ ရွှေပြောင်းပေးရန် လိုအပ်သလို ညွှန်ကြားဆောင်ရွက်ပေးရန်။
- ဘေးအန္တရာယ် ကျရောက်ပြီးနောက် အလှူရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များထံမှ လှူဒါန်းထားသော ကယ် ဆယ်ရေး ပစ္စည်းများနှင့် ဆေးဝါးများကို လက်ခံပြီး ကယ်ဆယ်ရေးစခန်းရှိ ဘေးသင့်ပြည်သူများထံသို့ အချိန်နှင့် တပြေးညီ ဖြန့်ဝေပေးနိုင်ရေးအတွက် ကြီးကြပ်ရန်။
- ယာယီစခန်းတွင် နေထိုင်စဉ်အတွင်း ဘေးသင့်ပြည်သူများအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လုံခြုံရေး အထောက်အပံ့များ စီစဉ်ဆောင်ရွက်ပေးရန်။
- ကျောင်းများကို လျင်မြန်စွာ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း။
- ကယ်ဆယ်ရေး ပစ္စည်းများနှင့် အကူအညီများဖြန့်ဝေရာတွင် အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးသူငယ်များ၊ မသန်စွမ်းသူများအား အထူးဂရုပြု ဦးစားပေးရေး ညွှန်ကြားပေးရန်။
- ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးကဏ္ဍကို ဦးစားပေးထည့်သွင်း စဉ်းစားရန်။

| |
|---|
| • ယာယီကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ထားရှိရန်နှင့် နေရာချထားပေးရန်။ |
| • သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပြီး မိသားစုပြန်လည် ပေါင်းစည်းရေး စီမံဆောင်ရွက်ပေးရန်။ |
| • သဘာဝဘေး စီမံခန့်ခွဲရေးလုပ်ငန်းများမှ ရရှိလာသော အတွေ့အကြုံများနှင့် သင်ခန်းစာများကို မှတ်တမ်းတင်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ပြန်လည် သုံးသပ်ရန်။ |
| • တုန့်ပြန်မှုကို စောင့်ကြည့်စစ်ဆေးပြီး မှတ်တမ်းတင်ခြင်း၊ ယခင်က သဘာဝဘေးအန္တရာယ်မှရရှိခဲ့သော သင်ခန်းစာ အပေါ် အခြေပြုပြီး မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှု စီမံချက်ကို ဖြည့်စွက်ပြင်ဆင်ရန်။ |

## ၅-၂။ တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများ

### ၁။ သတင်းနှင့် ပညာပေးလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • ရေဒီယိုကြေညာချက်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကို လူထုသိရှိစေရန် အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာပေးရန်။ |
| • ရာသီအလိုက် အန္တရာယ်ဖြစ်နိုင်သည့်နေရာများတွင် လက်ကမ်းစာစောင်များ၊ ပိုစတာများဖြင့် ကြိုတင်ကာကွယ်နိုင်ရန် အသိပေးရန်။ |
| • အန္တရာယ်ရှောင်ကွင်းနိုင်မည့် ပညာပေး (သရုပ်ပြ) သင်တန်းများပေးရန်၊ ဇာတ်တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်ရန်၊ အဖြစ်များသော ဘေးအန္တရာယ်နှင့် ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရန်။ |
| • မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်၍ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်း တွင်း သဘာဝဘေးလျော့ပါးရေး (School Based DRR) ပြုလုပ်ပေးရန်။ |
| • ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ ရပ်ရွာလူထုကို ဘေးအန္တရာယ်နှင့်ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန်။ |
| • လမ်းကြောင်းပြမြေပုံများ၊ ဦးစားပေးအုပ်စုများ (သက်ကြီးရွယ်အို၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်း များ) ခိုလှုံရန် နေရာပြမြေပုံများ ပြုစုပြီး ဖော်ထုတ်ထားရန်။ |
| • ကြိုတင်သတိပေးစနစ်များနှင့် အရေးပေါ် ဆက်သွယ်ရေးစနစ် ထူထောင်ပြီး ရပ်ရွာလူထု သိရှိနားလည်သည်အထိ ဇာတ်တိုက်လေ့ကျင့်ထားရန်။ |
| • ဘေးကျရောက်နေချိန်တွင် ဆက်သွယ်ရမည့် လူပုဂ္ဂိုလ်များ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထုတ် ပြန်ထားရန်။ |
| • ဘေးကျရောက်လျှင် အထောက်အပံ့များရရှိနိုင်မည့် INGOs, NGOs, UN နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စာရင်း နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပြုစုထားရန်။ |
| • ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရေးပေါ်ဆက်သွယ်ရမည့် စနစ် ထားရှိရန်။ |
| • ဘေးအန္တရာယ် ကျရောက်နိုင်ခြေ ရှိသည်ကိုသိလျှင် ဘေးလွတ်ရာသို့ အရေးကြီးအသုံးအဆောင်ပစ္စည်းများ လျင် မြန်စွာပြောင်းရွှေ့ရန်အတွက် အသိပေးနှိုးဆော်ထားရန်၊ ပြောင်းရွှေ့နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ချိတ် ဆက်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • အပျက်အစီး အနည်းဆုံးဖြစ်နိုင်မည့် နည်းလမ်းများကို အကြံပြုပေးခြင်း၊ လက်လှမ်းမှီသလောက် ပူးပေါင်းပါဝင် ကူညီပေးရန်။ |
| • မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တပြေးညီ ထုတ်ပြန်ချက်များကို စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီတို့ကို အဆက်မပြတ် သတင်းများပေးရန်။ |
| • နောက်ဆက်တွဲ ဘေးအန္တရာယ်များ မကျရောက်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ (လျှပ်စစ်၊ မီးသတ်)တို့ကို အကြောင်းကြားရန်။ |
| • လူထုအဖွဲ့အစည်းများနှင့် ဝေးကွာမှုမရှိအောင် နေထိုင်ရန်အတွက် နှိုးဆော်သွားရန်။ |
| • ဘေးအန္တရာယ် ဖြစ်စဉ်အခြေအနေ၊ အပြောင်းအလဲတို့အပေါ် စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများသို့ စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ရန်နှင့် အထက်အဖွဲ့အစည်းများသို့ ဘေးအန္တရာယ်ဖြစ်စဉ်ကို အချိန်နှင့်တပြေးညီ တင်ပြအစီရင်ခံရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ပျက်စီးဆုံးရှုံးမှု သတင်းများကို အထက်အဖွဲ့အစည်းများသို့သတင်းပေး၍ အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပါဝင် ကူညီပေးရန်။ |
| • ကျရောက်နေသည့် ဘေးအန္တရာယ်နှင့်ပတ်သက်သည့်သတင်းများ ပြည်သူလူထုထံသို့ အဆက်မပြတ်ပြန်ကြားပေးရန်။ |
| • နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရန် ပြည်သူ့ကျန်းမာရေးဌာနနှင့်ပူးပေါင်းကာ ကျန်းမာရေးဆိုင်ရာ အသိပညာပေးနိုင်ရေး စီစဉ်ရန်။ |
| • ဘေးသင့်ပြည်သူများ ၄င်းတို့၏မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အထက်မှညွှန်ကြားချက်နှင့်အညီ အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးရန်။ |
| • ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းကော်မတီမှရရှိလာသော ပျက်စီးဆုံးရှုံးမှုပမာဏသတင်းကို ထုတ်ပြန်ကြေညာပေးရန်။ |
| • ဘေးအန္တရာယ် ကျရောက်နေစဉ်အတွင်း ပံ့ပိုးကူညီပေးခဲ့သော အဖွဲ့အစည်းများ (INGOs, NGOs, UN, CBOs)၏ လုပ်ငန်းဆောင်တာများကို မှတ်တမ်းပြုစု၍ ပံ့ပိုးမှုရရှိရန် လိုအပ်သောကဏ္ဍများကိုဖော်ထုတ်၍ အထက်သို့တင်ပြပြီး လိုအပ်သည်များကို ဆောင်ရွက်ရန်၊ အလှူရှင်များ လှူဒါန်းနိုင်ရေးအတွက် နှိုးဆော်သွားရန်။ |
| • ကယ်ဆယ်ရေးပစ္စည်းများ မပြတ်တောက်စေရန်၊ အချိန်နှင့်တပြေးညီ ဆောင်ရွက်မှုရှိရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ရန်။ |
| • ဘေးအန္တရာယ်ကျရောက်မှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေအား မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးထားရှိရန်။ |

## ၂။ အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
| --- |
| • သဘာဝဘေး ကြိုတင်အသိပေးချက်ရရှိပါက အချိန်နှင့်တပြေးညီ ဆက်သွယ်နိုင်ရေး ကြိုတင်စီစဉ်ထားရှိရန်။<br>• အရေးပေါ်ဆက်သွယ်ရမည့် ပြည်နယ်/ခရိုင်/မြို့နယ်/ကျေးရွာ တာဝန်ရှိသူများ၏ တယ်လီဖုန်း၊ လိုင်းဖုန်း၊ Fax နံပါတ်များ၊ ဆက်သွယ်ရေးစက် လှိုင်းနှုန်းများစုစည်း၍ တာဝန်ရှိသူများသို့ ဖြန့်ဝေထားရှိရန်။<br>• အရေးပေါ်ကာလတွင် အသုံးပြုရမည့် ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးရန်။<br>• သက်ဆိုင်ရာမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတွာချက်များအား အချိန်နှင့်တပြေးညီ သိရှိစေရန် အတွက် ကြိုတင်စီမံထားရန်။<br>• အထက်ဌာနများသို့ အချိန်နှင့်တပြေးညီ ဆက်သွယ်တင်ပြနိုင်ရန်အတွက် ဆက်သွယ်ရေးစနစ်များ ပြည့်စုံကောင်း မွန်ရေး စီမံထားရှိရန်နှင့် အရံဆက်သွယ်ရေးပစ္စည်းများ စုဆောင်းထားရှိရန်။<br>• ရပ်ကွက်/ကျေးရွာများအချင်းချင်း အချိန်မရွေး ဆက်သွယ်နိုင်ရေးအတွက် အများသုံး တယ်လီဖုန်းနှင့် အခြားဆက် သွယ်ရေးစနစ်များ ကြိုတင်ထားရှိရန်။<br>• ဘေးကျရောက်မည့် သတင်းရသည်နှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များကို ခိုင်ခံ့ သော ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆိုင်ကလုန်းဒဏ်ခံ ယာယီအဆောက် အဦများသို့ အချိန်မီသွားရောက် နိုင်ရေးအတွက် ကျေးရွာတွင်း တပ်ဆင်ဆောင်ရွက်ထားသော ဆက်သွယ်ရေးစနစ်မှတစ်ဆင့် အမြန်ဆုံးအကြောင်း ကြားရန်။ |

| ဘေးကျရောက်စဉ် |
| --- |
| • အရေးကြီးသည့် ဌာနအဖွဲ့အစည်းများသို့ တိုက်ရိုက်ဆက်သွယ်နိုင်သည့် နည်းလမ်းများ ရှာဖွေအသုံးပြုရန်။<br>• ဘေးကျရောက်စဉ် လိုအပ်သော ဆက်သွယ်မှုများ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန်။ |

| ဘေးကျရောက်ပြီး |
| --- |
| • ဘေးကျရောက်ခဲ့သော ရပ်ကွက်/ကျေးရွာများတွင် တယ်လီဖုန်းဆက်သွယ်မှုအား နေ့ညအချိန်မရွေး ဆက်သွယ် အသုံးပြုနိုင်စေရန် ဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးရန်။<br>• အရေးပေါ်ဆက်သွယ်ရန် လိုအပ်သည့်နေရာများသို့ ယာယီတယ်လီဖုန်းလိုင်းများနှင့် သင့်လျော်သော ဆက်သွယ် ရေးစနစ်များ ဆောင်ရွက်ပေးရန်။<br>• အရေးပေါ်ဆက်သွယ်ရေး လုပ်ငန်းဆောင်တာများရှိပါက အထက်ဌာနသို့တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားရန်။<br>• သဘာဝဘေးကျရောက်နေသော နေရာများတွင် အရံဆက်သွယ်ရေးစက်များ အမြန်ဆုံးတပ်ဆင်ကာ ဆက်သွယ်မှု ပြန်လည်ရရှိအောင် ဆောင်ရွက်ရန်။<br>• သဘာဝဘေးကျရောက်နေသော နေရာများတွင် သင့်လျော်သော ဆက်သွယ်ရေးစနစ်များ (ဆက်သား) ရရှိအောင် ဆောင်ရွက်ပေးရန်။<br>• အများပြည်သူများ လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ယာယီဆက်သွယ်ရေးစခန်းများ အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်။ |

## ၃။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • ရှာဖွေရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး အထောက်အကူပစ္စည်းများ (ရေ၊ ဆေးဝါး၊ အစားအစာ၊ ယာဉ်၊ ရှာဖွေရေး သုံးပစ္စည်းများစသည်) ကြိုတင်စုဆောင်းထားရန်၊ သုံးစွဲနည်းများကို လေ့ကျင့်သင်ကြားထားရန်၊ ဇာတ်တိုက် လေ့ကျင့်ထားရန်။ |
| • ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများအား ကြိုတင်လေ့လာထား၍ အသုံးပြုသင့်သည့် ရှာဖွေကယ်ဆယ်ရေးနည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်။ |
| • ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်မည့်သူများ၏ စာရင်းများကို ပြုစုထားရန်။ |
| • ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအတွက် အကူအညီပေးနိုင်မည့် အဖွဲ့အစည်းများ (မြို့နယ်ကြက်ခြေနီ၊ INGO, LNGO, UN, CSOs) ၏ ဆက်သွယ်ရမည့်လူနှင့် ဖုန်းနံပါတ်များ စာရင်းပြုစုထားရှိရန်။ |
| • ဘေးအန္တရာယ်မဖြစ်မီ ဘေးလွတ်ရာ၊ ခိုလှုံရာနေရာများအား ကြိုတင်သတ်မှတ်ထားရန်နှင့် ကျေးရွာရှိရွာသားများအား ကြိုတင်အသိပေးထားရန်၊ မိသားစုဝင် ဦးရေစာရင်း ကောက်ယူထားရန်။ |
| • အရေးပေါ် ရွှေ့ပြောင်းခြင်းများ လုပ်ဆောင်ရန်အတွက် အတွင်းလမ်း၊ အပြင်လမ်း (သို့) ရေယာနယ်မြေများ ကြို–တင်သတ်မှတ်ထားရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သတင်းအချက်အလက်များ စဉ်ဆက်မပြတ် နားစွင့်ထားရန်။ |
| • ကျေးရွာအတွင်းရှိသူများ မလိုအပ်ဘဲ ပြင်ပသို့ မထွက်ခွာစေရေး နှိုးဆော်ရန်။ |
| • ဘေးသင့်သူများကို ရှာဖွေကယ်ဆယ်ပြီးနောက်ပိုင်း လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် သတင်းနှင့် ပညာပေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီတို့နှင့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • ဘေးအန္တရာယ် ကျရောက်နေစဉ်အတွင်း ဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်။ (ဥပမာ – ကျန်းမာရေး၊ လုံခြုံရေး၊ သတင်းနှင့်ပညာပေးရေး) |
| • ကျန်းမာရေးဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ထမ်းများအား ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးရန်။ |
| • ပြင်းထန်စွာ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးရန်။ |
| • ထိခိုက်ခံစားလွယ်သော အုပ်စုများ (ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့် ကလေးငယ်များ)အား ပထမဦးစားပေး ရွှေ့ပြောင်းပေးရန်နှင့် ပို့ဆောင်ရေးလမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • ဌာနဆိုင်ရာများ၏ အရေးကြီး စာရွက်စာတမ်းများအား ဦးစားပေးသယ်ယူပေးရန်။ |
| • ပျောက်ဆုံးနေသူများကိုရှာဖွေရန်၊ ဘေးအန္တရာယ်မှ လွတ်မြောက်ရေး ကူညီဖယ်ရှားရန်။ |
| • သဘာဝဘေး ကျရောက်နေသည့် ဒေသရှိ ရှာဖွေကယ်ဆယ်သည့်သူများ ကိုယ်တိုင် ဘေးကျရောက်နေသဖြင့် မိမိ ပတ်ဝန်းကျင်ဒေသများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး အကူအညီရရှိရေး ဆောင်ရွက်ရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အရေးပေါ် ရွှေ့ပြောင်းနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။ |
| • ဘေးအန္တရာယ် ကြုံတွေ့သောသူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်နှင့် ပြန်လည်ထူထောင်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။ |
| • သေဆုံး၊ ပျောက်ဆုံးသူများ ရှိမရှိ ပြန်လည်စိစစ် ရှာဖွေ စာရင်းပြုစုရန်။ |
| • အပျက်အစီးများ ရှင်းလင်းခြင်း၊ သေဆုံးသူများကို ဒေသထုံးထမ်း အစဉ်အလာနှင့်အညီ သင်္ဂြိုဟ်ပေးခြင်း၊တိရစ္ဆာန်အသေများကို ရှင်းလင်းခြင်းများ လုပ်ဆောင်ရန်။ |
| • ဘေးသင့်သူများကို စိတ်သက်သာရာရစေရန် ပညာပေးခြင်း၊ အားပေးနှစ်သိမ့်စကားပြောခြင်းများနှင့် မိသားစု ပြန်လည်ပေါင်းစည်းရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။ |
| • ပျောက်ဆုံးသူစာရင်း၊ သေဆုံးသူစာရင်းများကို ပျက်စီးမှုပမာဏ သတင်းရရှိရေး လုပ်ငန်းကော်မတီသို့ သတင်းပို့ရန်။ |

## ၄။ ပျက်စီးမှု ပမာဏသတင်းရရှိရေး လုပ်ငန်းကော်မတီ

| ဘေးမရောက်မီ |
|---|
| • ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လူဦးရေ (ကျား၊မ၊ ကလေး၊ လူလတ်၊လူကြီး)၊ အိမ်ထောင်စု၊ ကျွဲနွား၊ တိရိစ္ဆာန်ကောင်ရေများ စာရင်းပြုစုထားရန်။ အဆောက်အဦ အမျိုးအစားအလိုက်နှင့် ဘေးထိခိုက်လွယ်အုပ်စုများကို စာရင်းပြုစုထားရန်။ |
| • ကာလအပိုင်းအခြားအလိုက် ပြောင်းလဲမှုနှင့် နောက်ဆုံးရရှိလာသော အချက်အလက်များကို မှတ်တမ်းတင်နိုင်ရေး သက်ဆိုင်ရာဌာနများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း သင်တန်းများ ပေးအပ်ရန်။ |
| • ယခင်ဖြစ်ခဲ့ဖူးသော ဘေးအန္တရာယ်များမှ ပြုစုထားသော စာရင်းဇယားများပေါ် သုံးသပ်ပြီး ပိုမိုကောင်းမွန်သော စာရင်းဇယားများ ပြုလုပ်ရန်။ |
| • အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို စာရင်းပြုစုထားရန်။ ဘေးအန္တရာယ်ကျရောက်နိုင်မည့်နေရာ၊ အချက်အလက်များကို စာရင်းပြုစုထားရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးအန္တရာယ် ဖြစ်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပျက်စီးဆုံးရှုံးမှု ရှိ/မရှိ ကနဦးသတင်းပေးပို့ထားရန်။ |
| • အဆောက်အဦဟောင်းများ၊ ပျက်စီးလွယ်သည့် အဆောက်အဦများသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းကူညီရန်။ |
| • လက်ရှိကြုံတွေ့နေရသော အခြေအနေများကို အထက်အဖွဲ့အစည်းသို့ အချိန်နှင့်တပြေးညီ တင်ပြသတင်းပို့ရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ စာရင်းအမှန်ရရှိရန် မြေပြင်အခြေအနေအား ကွင်းဆင်းကောက်ယူရန်။ |
| • လူ၊ တိရစ္ဆာန်သေဆုံးမှု၊ ပျောက်ဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုများအား အိမ်တိုင်းစေ့ စာရင်းကောက်ယူရန်။ |
| • ကောက်ယူပြီးသော စာရင်းများကို အထက်အဆင့်ဆင့်သို့ အချိန်မီ သတင်းပေးပို့တင်ပြပြီး အတည်ပြုချက်ရယူရန်။ |
| • ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သည့်စာရင်းများ ပံ့ပိုးပေးရန် |

## ၅။ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • အရေးပေါ်ကာလအတွက် သောက်ရေသန့်၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်များ၊ တကိုယ်ရည်သုံးသန့်ရှင်းရေးပစ္စည်း၊ လူ့အသုံးအဆောင်ပစ္စည်းများ ကြိုတင်စုဆောင်းခြင်း။ |
| • အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အင်အားကို စာရင်းပြုစုထားရန်။ |
| • ရေလမ်းကြောင်းများနှင့် လွယ်ကူစွာသွားနိုင်မည့် လမ်းကြောင်းများကို ဖော်ထုတ်ထားရန်။ |
| • ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်ရေး ယာဉ်များအတွက် လိုအပ်သောစက်သုံးဆီများ စုဆောင်းထားရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • အရေးပေါ်အခြေအနေ ကြုံနေသည့် လူ၊ ပုဂ္ဂိုလ်နှင့် အရေးကြီးပစ္စည်းများအား ကူညီဆောင်ရွက်ပေးရန်။ |
| • သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ် အသက်အန္တရာယ် ကြုံတွေ့နိုင်သည့် အခြေအနေရောက်ရှိပါက အုပ်စုဖွဲ့၍ ကူညီဆောင်ရွက်ရန်။ |
| • သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့်ချိတ်ဆက်၍ ထောက်ပံ့ရေးပစ္စည်းများထုတ်ပေးရန် စနစ်တကျ ဆောင်ရွက်ခြင်း။ |

| ဘေးကျရောက်ပြီး |
|---|
| • သက်ဆိုင်ရာထောက်ပံ့ရေး အဖွဲ့အစည်း (အစိုးရ၊ ပုဂ္ဂလိက၊ INGO, NGO)များမှ ထောက်ပံ့သည့်ပစ္စည်းများသိုလှောင်ရန် နေရာရွေးချယ် သတ်မှတ်ခြင်း၊ ထိန်းသိမ်းကြီးကြပ်ရန် စနစ်တကျ တာဝန်ခွဲဝေခြင်း။ |
| • ပျက်စီးမှုပမာဏ သတင်းရရှိရေး လုပ်ငန်းကော်မတီမှ ကောက်ယူလာသော ပျက်စီးဆုံးရှုံးမှု ပမာဏစာရင်းကို သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အာဏာပိုင်များနှင့် အခြား လုပ်ငန်းကော်မတီများဖြင့် လိုအပ်သလို စိစစ်၊ အတည်ပြု ညှိနှိုင်းဆောင်ရွက်ရန်။ |
| • အထက်မှ တောင်းခံလာသော စာရင်းဇယားများအား ဆုံးရှုံးမှုပမာဏများ စိစစ်ကာ သင့်လျော်မှန်ကန်မှု ရှိ/မရှိ အတည်ပြု၍ တင်ပြရန်။ |
| • ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရေး တင်ပြဆောင်ရွက်ရန်။ |
| • ကောက်ယူထားသော စာရင်းဇယားများ၊ အချက်အလက်များကို အသုံးပြုပြီး ရရှိလာသည့် ထောက်ပံ့ရေးပစ္စည်းများအား ဘေးသင့်သူများထံသို့ စနစ်တကျလက်ဝယ်အရောက် အချိန်မီကူညီထောက်ပံ့ရန်။ |

| |
|---|
| • ကောက်ယူထားသော ဘေးထိခိုက်လွယ်အုပ်စုများကို ဦးစားပေးအနေဖြင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရန်။ |
| • ထောက်ပံ့ပေးလိုက်သော ပစ္စည်းများကို စာရင်းပြုစုပြီး မှတ်တမ်းဓါတ်ပုံ၊ ဗီဒီယိုထားရှိထားရန်။ |
| • စီးပွားရေးလုပ်ငန်း တစ်မျိုးချင်းအလိုက် ပျက်စီးဆုံးရှုံးမှုကို အသေးစိတ် ပြုစုထားရန်။ |
| • ကယ်ဆယ်ရေးစခန်းတွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ လုံလောက်အောင် စီမံဆောင်ရွက်ခြင်း။ |
| • ထောက်ပံ့ရေးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ လေလွင့် ဆုံးရှုံးမှု မရှိစေရေးအတွက် လက်ခံ၊ ထိန်းသိမ်း၊ ထုတ်ပေးမှု စာရင်းဇယားများဖြင့် စနစ်တကျ ကြီးကြပ်ပြီးစီမံဆောင်ရွက်ခြင်း။ |
| • စိတ်ချရသည့် အခြေအနေရောက်ရှိသည့်အခါ အစီရင်ခံစာပြုစု၍ အထက်သို့ အဆင့်ဆင့်တင်ပြခြင်း။ |

## ၆။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရန်အတွက် မော်တော်ယာဉ်၊ ရေယာဉ်လိုင်းများကို ကြိုတင်ဆက်သွယ်ချိတ်ဆက်ထားရန်။ |
| • လမ်းကြောင်းရှင်းရေး၊ ပို့ဆောင်ရေးအတွက် လုပ်သားများ၊ လျှပ်စစ်၊ ဖုန်းဝန်ထမ်းများကို ကြိုတင်စီစဉ်ထားရန်။ |
| • လမ်းကြောင်းရှင်းလင်းရေးအတွက် ဓါး၊ ပေါက်ဆိန်၊ ကြိုး၊ တူ၊ ချိတ်၊ ရိုက်သံ၊ လွှစက်များ စုဆောင်းထားရန်။ |
| • ရှင်းလင်းရေးကိရိယာများ ဝယ်ယူရေး ရန်ပုံငွေခန့်မှန်း တွက်ချက်ထားရန်။ |
| • ဘေးအန္တရာယ် ကျရောက်မည့် သတင်းရသည်နှင့် သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်မိခင်၊ ကလေးသူငယ်၊ မကျန်းမာသူ၊ ရဟန်းသံဃာများကို ဘေးလွတ်မည့်နေရာသို့ ပို့ဆောင်ပြီး နေရာချထားရန်။ |
| • သယ်ယူပို့ဆောင်မည့် ယာဉ်များအားလုံး ကြံ့ခိုင်ထိန်းသိမ်းမှု ရှိ/မရှိ စစ်ဆေးရန်။ |
| • အန္တရာယ်ရှိသော အရာများ၊ အပင်အိုများ ရှင်းလင်းခြင်းနှင့် တံတားများအား ကြိုတင်ပြုပြင် စီမံထားရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးကျရောက်လာပါက ရွှေ့ပြောင်းနိုင်ရန်အတွက် မော်တော်ယာဉ်၊ ရေယာဉ်များကို သတ်မှတ်နေရာသို့ ချက်ချင်းခေါ်ယူရန်။ |
| • လဲကျသစ်ပင်၊ သစ်ခက်များကို ရှင်းလင်းရေး ကိရိယာများဖြင့် လုပ်သားအကူအညီဖြင့် ရှင်းလင်းရန်။ |
| • ပြုတ်ကျ၊ ပိုင်းပြတ်နေသော လျှပ်စစ်မီးကြိုး၊ ဖုန်းကြိုးများကို သက်ဆိုင်ရာ ဝန်ထမ်းများဖြင့် ရှင်းလင်းရန်။ |
| • လမ်းကြောင်းရှင်းလင်းရေးမှ ထွက်ရှိလာသော သစ်တုံး၊ သစ်ကိုင်း၊ အမှိုက်သရိုက်များကို စနစ်တကျထားရှိရေးအတွက် နေရာသတ်မှတ်ထားရန်။ |
| • ထိခိုက်ဒဏ်ရာရသူများကို ကြိုတင်ပြင်ဆင်ထားသော ယာဉ်များဖြင့် ဆေးရုံသို့ချက်ချင်း ပို့ဆောင်ပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • လဲကျသစ်ပင်၊ သစ်ခက်များကို ကိရိယာ၊ လုပ်သားများဖြင့် အပြီးသတ် ရှင်းလင်း၍ သတ်မှတ်နေရာသို့ ပို့ဆောင်ရန်။ |
| • ဘေးသင့်ပြည်သူများ၊ မကျန်းမာသူ၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်မိခင်၊ သံဃာများအား ဦးစားပေး၍ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးရန်။ |
| • နေအိမ်ပျက်စီးသော ပြည်သူများအား သတ်မှတ်ယာယီခိုလှုံရေးစခန်းသို့ ပို့ဆောင်ပေးရန်။ |
| • ဘေးသင့်ပြည်သူများအတွက် လိုအပ်သော ရိက္ခာ၊ သောက်သုံးရေများ ပို့ဆောင်ပေးရန်။ |
| • ယာယီခိုလှုံရေးစခန်း တည်ဆောက်ရေးအတွက် လိုအပ်သော သစ်၊ ဝါး၊ ဓနိ၊ သွပ်စသည်နှင့် ရွက်ဖျင်တဲများကို သတ်မှတ်နေရာသို့ ပို့ဆောင်ရန်။ |
| • ပစ္စည်းကိရိယာ ဝယ်ယူစုဆောင်းသည့် စရိတ်များကို စီမံခန့်ခွဲမှုကော်မတီသို့တင်ပြသွားရန်။ |
| • သွားလာရေးခက်ခဲ၊ ပျက်စီးမှုရှိသော ရွာများအား အထက်သို့ တင်ပြကာ ထောက်ပံ့မှု တောင်းခံခြင်း၊ လမ်းများအား ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။ |

## ၇။ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • လိုအပ်သော ဆေးဝါးပစ္စည်းများ ကြိုတင်၍ စုဆောင်းထားရှိရန်နှင့် လိုအပ်သော လူနာယာဉ်များ စာရင်းပြုစုထား ရှိခြင်း။ |
| • ဆေးရုံနှင့် ဌာနအတွင်း အရေးကြီးသော စာရွက်စာတမ်းများအား ဘေးလွတ်ရာနေရာတွင် စနစ်တကျ သိမ်းဆည်း ထားရန်။ |
| • ဘေးအန္တရာယ်ကျရောက်မည့် သတင်းရသည်နှင့် ဆေးဝါးပစ္စည်းများကို ဘေးလွတ်ရာသို့ ကယ်ဆယ်ရေးအဖွဲ့များ နှင့် ပူးပေါင်း၍ ပြောင်းရွှေ့ထားရန်။ |
| • ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဌာနအလိုက်အဖွဲ့ ဖွဲ့စည်းထားခြင်းနှင့် လိုအပ်သောဆေးဝါးများ တောင်းခံ တင်ပြခြင်း။ |
| • ကျေးရွာလူထုနှင့် ပူးပေါင်း၍ ရှေးဦးပြုစုနည်း သင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်း။ |
| • မြို့နယ်ဆေးရုံများတွင်လည်း အရေးပေါ်ဆေးကုသရေးအဖွဲ့များ ကြိုတင်၍ ဖွဲ့စည်းထားရှိခြင်း။ |
| • သဘာဝဘေး ကျရောက်နိုင်သော ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပြုလုပ်ရန်။ (ဥပမာ။ ရေသန့်စင်ခြင်း၊ အညစ်အကြေးစွန့်ပစ်ခြင်း) |
| • ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သော အဆောက်အဦဖြစ်အောင် တည်ဆောက်ရန် အခြားသက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းခြင်း။ |
| • မြို့နယ်အဆင့်၊ ခရိုင်အဆင့်တို့မှရရှိနိုင်မည့် ဆရာဝန်၊ သူနာပြုတို့၏ အင်အားကို စာရင်းပြုစုထားရှိပြီး ကြိုတင်ညှိ နှိုင်း ဆွေးနွေးထားရန်။ |

- ဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ဘေးခိုလှုံရာ နေရာများတွင် အိမ်သာလုံလောက်ရန်၊ သောက်ရေလုံလောက်ရန်၊ အမှိုက်စွန့်ပစ်စနစ်၊ ရေဆိုးထုတ်စနစ် ကောင်းမွန်အောင် စီစဥ်ထားရှိရန်။
- ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ရာတွင် ကူညီမည့် အဖွဲ့အစည်းများအား အရေးပေါ်အသက်ကယ်မှုဆိုင်ရာ သင်–တန်းပေးရန်။

| ဘေးကျရောက်စဉ် |
| --- |

- အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကြက်ခြေနီအသင်းဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
- ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ပါက အရေးပေါ်ယာယီ ဆေးကုသဆောင်များ ဖွင့်လှစ်ပေးရန်။
- ပြင်းထန်စွာ ဒဏ်ရာရရှိနေသော အရေးပေါ်လူနာများအား မြို့နယ်မှ ခရိုင်အဆင့်ထိ လိုအပ်သလို လွှဲပြောင်းထားရှိရေး စီမံခန့်ခွဲမှု ကော်မတီနှင့် ညှိနှိုင်းထားရန်။
- ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပြီး သတင်းအချက်အလက် ပေါ်မူတည်၍ စီစဥ်ဆောင်ရွက်ရန်။
- ဘေးကျရောက်နေသော ဒေသများသို့ ရွေ့ပြောင်းဆေးကုသရေး အဖွဲ့များ စေလွှတ် ဆောင်ရွက်ခြင်း။
- ကြိုတင်ဖွဲ့စည်းထားသော အရေးပေါ်ဆေးအဖွဲ့များအား ထိခိုက်ခံစားနေရသော နေရာများသို့ သွားရောက်ကူညီရန် စေလွှတ်ခြင်း။
- ကယ်ဆယ်ရေးစခန်းများတွင် ယာယီဆေးပေးခန်းများပြုလုပ်ပြီး ဝန်ဆောင်မှုပေးရန်။

| ဘေးကျရောက်ပြီး |
| --- |

- ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် အရေးပေါ်လူနာများအား လိုအပ်သလို ဆေးဝါးကုသမှုပေးရန်နှင့် လိုအပ်ပါက အထက်အဆင့်သို့ လွှဲပြောင်းပေးရန်။
- သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအတွက် အထူးဦးစားပေး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရန်။
- ရေတွင်းရေကန်များ၊ ရေထွက်ပင်ရင်းများအား ကျန်းမာရေးနှင့် ညီညွတ်သော ရေရရှိရေးအတွက် ရေသန့်စင်ဆေးရည်များ ခပ်ပေးရန်။
- ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရန်အတွက် အသိပညာပေးဟောပြောရန်။
- ဘေးကျရောက်ပြီး ဘေးသင့်ပြည်သူများအား စိတ်ဓါတ်မြှင့်တင်ရေးလုပ်ငန်း (Psycho Social Support) များကို အခြားဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ဘေးဖြစ်ပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကာကွယ်ဆေးများ ထိုးပေးခြင်း၊ ယင်လုံအိမ်သာများဆောက်ပေးခြင်း၊ သောက်သုံးရေများရရှိရန် အကူအညီပေးခြင်း လုပ်ငန်းများ လုပ်ဆောင်ပေးရန်။
- အသုံးပြုလိုက်သော ဆေးဝါးများနှင့် ဆေးပစ္စည်းများကို မှတ်တမ်းထားရှိခြင်း။
- ကယ်ဆယ်ရေး စခန်းများတွင် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်နိုင်ရေး ပညာပေးရန်။
- ဘေးကျရောက်ပြီးနောက် ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိစေရန် စောင့်ကြပ်ထောက်လှမ်းခြင်း၊ ဖြစ်ပွားလာပါက အလျင်အမြန် အရေးယူဆောင်ရွက်ခြင်း။

| |
|---|
| • ကျန်းမာရေးဝန်ထမ်း မလုံလောက်ပါက တင်ပြတောင်းခံခြင်း၊ ဒဏ်ရာရသူများအား ပြန်လည်နလံထနိုင်သည် အထိ စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများအား လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့်လည်း ပူပေါင်းဆောင်ရွက်ခြင်း။ |
| • မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့် တပြေးညီ အစီရင်ခံတင်ပြခြင်း၊ ညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း။ |

### ၈။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • ဘေးအန္တရာယ် ကျရောက်လွယ်ပြီး ခိုလှုံရန် ခိုင်ခံ့သည့် အဆောက်အဦများ မရှိသော ဒေသများတွင် ဘေးအန္တရာယ် လုံခြုံသည့် အဆောက်အဦများ တည်ဆောက်ပေးနိုင်ရေးဆောင်ရွက်ရန်။ |
| • သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။ |
| • ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည့် လယ်ယာသုံး တိရိစ္ဆာန်များနှင့် အိမ်မွေးတိရိစ္ဆာန်များ၏ စာရင်းနှင့် စိုက်ပျိုးသီးနှံနှင့် အန္တရာယ်ကျရောက်နိုင်မည့် မြေကြေစာရင်းများ၊ နေရာအချက်အလက်များကို ကြိုတင်စုဆောင်း ထားရှိရေးအတွက် ပျက်စီးမှုပမာဏ သတင်းရရှိရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ရန်။ |
| • ပျက်စီးမှုပမာဏ သတင်းရရှိရေး လုပ်ငန်းကော်မတီမှ ရရှိလာသော အချက်အလက်များအပေါ် မူတည်ကာ ကြိုတင်ခန့်မှန်းတွက်ချက်မှုများ ဆောင်ရွက်ထားရန်။ |
| • ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်။ |
| • ပြည်တွင်းပြည်ပ အစိုးမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ထားရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ရဲတပ်ဖွဲ့၊ NGO အဖွဲ့အစည်းများ၊ ကြက်ခြေနီ၊ မီးသတ်စသည်တို့အား ချက်ချင်း ဆက်သွယ်ရန်။ |
| • အသက်ကယ်လှေများ၊ ဝါးဖောင်များဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးရာတွင် ပူးပေါင်းကူညီရန်။ |
| • ဘေးကျရောက်စဉ်အတွင်း ယာယီစခန်းများ (camps)များ တည်ဆောက်ပေးရန်။ |
| • အထက်ဌာနဆိုင်ရာများမှ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများကို ရယူရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီနှင့် ပူးပေါင်းစီစဉ်ပေးခြင်း။ |
| • ကျန်းမာရေးနှင့် ညီညွတ်သော စားနပ်ရိက္ခာများ၊ သောက်သုံးရေများရရှိအောင် ဆောင်ရွက်ပေးရန်။ |

- ရေတွင်း၊ရေကန်များ သန့်ရှင်းစေရန်အတွက် ကျန်းမာရေးဌာနများ၊ မြို့နယ်၊ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။
- အဝတ်အထည်များနှင့် လူအသုံးအဆောင်ပစ္စည်းများ ရရှိနိုင်ရန်ကိုလည်း ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ နှင့် ပူးပေါင်းဆောင်ရွက်ပြီး ကူညီပေးရန်။
- ပျက်ဆီးဆုံးရှုံးသွားသော အိမ်၊ လယ်ယာ၊ ကျွဲ၊နွား စသည့် လယ်ယာသုံး တိရိစ္ဆာန်များ၊ အခြေခံအဆောက်အဦ များ စသည့် လူမှုစီးပွားထိခိုက်မှု စာရင်းများကောက်ယူရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင် ရွက်ရန်။
- ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးရန် သက်ဆိုင်ရာလုပ်ငန်းကော် မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- အထက်ဌာနများ၏ လမ်းညွှန်ခွင့်ပြုချက်အရ အသစ်ပြန်လည်တည်ဆောက်လျှက်ရှိသော ကျေးရွာများ/အိမ်ခြေများ စံချိန်၊ စံညွှန်းပြည့်မီစေရေးအတွက် ကြီးကြပ်ကွပ်ကဲရန်။
- ပြုပြင်တည်ဆောက်သင့်သည့် အများဆိုင် အဆောက်အအုံများ (ဥပမာ– စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေး– အဆောက်အအုံများ) ဖော်ထုတ်ပြီး ပြန်လည်တည်ဆောက်ပေးရန်။
- အိုးအိမ်မဲ့ဖြစ်သွားသော ဘေးသင့်ပြည်သူများ၏ နယ်မြေအငြင်းပွားမှုများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူး ပေါင်းဖြေရှင်း ဆောင်ရွက်ပေးရန်။
- ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်မှု ဆောင်ရွက်ပေးရန်။
- ငါးဖမ်းလုပ်ငန်း၊ ရေလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ စသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အရှိန် မပျက် လုပ်ဆောင်နိုင်ရန် လုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများ ထူထောင်ဆောင်ရွက်ပေးရန်။
- ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာ လုပ်ငန်းကော်မတီများဖြင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ရန်။
- လိုအပ်ချက်များ၊ အခက်အခဲများအား အထက်အဆင့်သို့ တင်ပြရန်။
- ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသူကျောင်းသားများ ပညာသင်ကြားနိုင်မှု မပျက်စေရန် ယာယီစာသင်ကျောင်း၊ တဲများဖွင့်လှစ်ပြီး ဆက်လက်ပညာ သင်ကြားနိုင်ရန် ဆောင်ရွက်ပေးရန်။
- ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းကော်မတီမှ အတည်ပြုပြီးဖြစ်သော အိမ်ထောင် စု၊ လူဦးရေစာရင်းများ၊ အခြေခံအဆောက်အဦစာရင်းများ ရရှိကာ လိုအပ်သည်များ ပံ့ပိုးရန်။
- ဘေးကျရောက်စဉ်အတွင်း အိမ်ခြေမဲ့ ပြည်သူများ၏ စာရင်းကိုကောက်ယူပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရန်။

## ၉။ လုံခြုံရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • ကြိုတင်စုဆောင်းထားသော ရိက္ခာနှင့် ရေစသည့်ပစ္စည်းများကို မသမာသူတို့ ဖျက်စီးခြင်း၊ ခိုးယူခြင်းတို့မှ ကာကွယ်ရန်။ |
| • အခြားကော်မတီဝင်များ လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံရေး လိုက်ပါကူညီ ဆောင်ရွက်ပေးရန်။ |
| • အရေးပေါ်ဆက်သွယ်ရမည့်သူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များကို စာရင်း ပြုစုထားရန်။ (ရဲတပ်ဖွဲ့၊ ရပ်ရွာအုပ်ချုပ်ရေးမှူးများ) |
| • ပုံမှန်အစည်းအဝေးများ ပြုလုပ်ပြီး လုံခြုံရေးအစီအမံများ ဒေသအလိုက်ရေးဆွဲ ချမှတ်ရန်။ |
| • လုံခြုံရေးဆိုင်ရာ အခြေခံအသိပညာ၊ သတိပေးချက်စနစ်၊ နည်းပညာများ သိရှိရန် လုံခြုံရေးလုပ်ငန်း ကော်မတီမှ ဦးဆောင်ပြီး ဟောပြောဆွေးနွေးပေးရန်။ |
| • ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်သည့် ဇာတ်တိုက် လေ့ကျင့်ခန်းများတွင် ပါဝင်ရန်နှင့် လုံခြုံရေးပေးရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးအန္တရာယ်ကျနေသည့် နေရာများတွင် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေး ဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်သင့် ပြည်သူများ၏ ပစ္စည်းဥစ္စာ၊ အိုးအိမ်အဆောက်အဦများအား မသမာသူများ ဖျက်စီး၊ လုယက်မှုမှ ကာကွယ်ရန်။ |
| • ဘေးအန္တရာယ်သင့် ပြည်သူများအား ဘေးကင်းရာနေရာများသို့ ရောက်ရှိရေး ကူညီဆောင်ရွက်ရန်။ |
| • ထိခိုက်လွယ်သော အုပ်စုများကို လုံခြုံစိတ်ချရသောနေရာသို့ ရွှေ့ပြောင်းခြင်း၊ ဦးစားပေးလုံခြုံရေးများ လုပ်ဆောင်ခြင်း။ |
| • မြို့နယ်အတွင်း ဌာနဆိုင်ရာများ၏ ရုံးများနှင့် ၎င်းတို့၏ ဌာနဆိုင်ရာပစ္စည်းများကို လုံခြုံမှုပေးခြင်း။ |
| • ဘေးသင့်ဒေသတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေ လုံခြုံရေးများဆောင်ရွက်ရန်။ |
| • ဘေးကျရောက်နေစဉ်အတွင်း အခြားလုပ်ငန်းကော်မတီများ လုပ်ငန်းဆောင်ရွက်နေသည်များအား လုံခြုံရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ပူးပေါင်းပါဝင် ကူညီပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ဘေးသင့်ပြည်သူများ၏ ယာယီနေထိုင်ရာနေရာများကို လုံခြုံရေး ဆောင်ရွက်ပေးရန်နှင့် ပြည်သူများ၏ လုံခြုံရေး၊ ပစ္စည်းဥစ္စာများ လုံခြုံရေး ဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်ကျရောက်ခဲ့သော နေရာများအား လုံခြုံရေး ဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ် ကျရောက်ခဲ့သော နေရာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ၊ အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်ကျရောက်သော နေရာများသို့ ထောက်ပံ့ပစ္စည်းများပို့ဆောင်ရာတွင် လုံခြုံရေး ဆောင်ရွက်ပေးရန်။ |
| • အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ခြင်း၊ ဝေငှခြင်းတို့တွင် လုယက်မှုများ မရှိစေရန်၊ မသမာသူများရန်မှ ကာကွယ်ပေးရန်နှင့် စနစ်တကျရှိစေရန် ဆောင်ရွက်ခြင်း။ |

| |
|---|
| • သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ဘေးသင့်ပြည်သူများ မူလနေထိုင်ရာသို့ လုံခြုံစွာရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ရန်။ |
| • ဘေးအန္တရာယ်ဖြစ်ပြီး နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေရှိသော အခြေအနေမျိုးတွင် လုံခြုံရေး ဆောင်ရွက်ပေးရန်၊ |

**၁၀။ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ**

| ဘေးမကျရောက်မီ |
|---|
| • ငွေကြေး၊ ကယ်ဆယ်ရေးပစ္စည်းများ ကူညီပံ့ပိုးပေးနိုင်သော ဌာနဆိုင်ရာများ၊ LNGOs, INGOs, လုပ်ငန်းရှင်များ ၏စာရင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားရှိရန်။ |
| • အလှူငွေများ လက်ခံနိုင်ရန်အတွက် ဘဏ်စာရင်းအကောင့်များ ဖွင့်ထားရန်။ |
| • ထောက်ပံ့ရေးပစ္စည်းများ လက်ခံထားရှိရန်နေရာများ စီစဉ်ထားရှိပြီး ပစ္စည်းလက်ခံ ဖောင်ပုံစံများ၊ ပစ္စည်းဝင်/ထွက် စာရင်း ပုံစံများ ပြင်ဆင်ထားရှိရန်။ |
| • သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အခမ်းအနားများ/အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းများကို လိုအပ်သလို လုပ်ဆောင်ရန်။ |
| • အရန်မျိုးစေ့၊ အရန်ဆန် ထားရှိနိုင်ရေးအတွက် အရေးပေါ်လိုအပ်ပါက ဆန်စက်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းထားရန်။ |
| • လုပ်ငန်းရှင်များ၊ စေတနာရှင်များနှင့် လူမှုရေးအသင်းများထံမှ ရန်ပုံငွေနှင့် အရေးပေါ်ထောက်ပံ့ပစ္စည်းများ ရရှိရေးနှိုးဆော်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးကျရောက်နေစဉ် အခြားသောရပ်ကွက်၊ ကျေးရွာများသို့ ဘေးကျရောက်ကြောင်း အသိပေးလျက် လိုအပ်သည့် အကူအညီများပေးနိုင်ရေး နှိုးဆော်ထားရန်။ |
| • ရရှိလာသော ဘဏ္ဍာငွေများ၊ အထောက်အပံ့များကို စနစ်တကျမှတ်တမ်းပြုစုပြီး အထက်မှ ညွှန်ကြားချက်နှင့်အညီ ဘေးသင့်ပြည်သူများသို့ ပေးဝေနိုင်ရေးအတွက် စီစဉ်ရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ထောက်ပံ့ပြီးသော ငွေစာရင်းနှင့် ပစ္စည်းများကို စာရင်းပြုစုပြီး အထက်သို့တင်ပြရန်။ |
| • သုံးစွဲပြီးကျန်ရှိနေသော၊ ထပ်မံလိုအပ်သော ဘဏ္ဍာငွေနှင့် အထောက်အပံ့များကို စာရင်းပြုစုပြီး အထက်သို့တင်ပြရန်။ |
| • ဘေးကျရောက်ပြီးလျှင် သင့်တော်သော နေရာဒေသများတွင် အလှူငွေ လက်ခံနိုင်ရန်အတွက် အလှူခံမဏ္ဍပ်များ ဖွင့်ရန်။ |
| • ဘေးကျရောက်စဉ်ကာလ ထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ အောင်မြင်မှုများ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်လျက် မှတ်တမ်းပြုစုပြီး အထက်သို့တင်ပြရန်။ |
| • လူမှုရေး အသင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး သင့်တော်သော အချိန်ကာလအတိုင်းအတာတခု သတ်မှတ်ပြီး အလှူငွေနှင့် ပစ္စည်းများလက်ခံရန်။ |

| |
|---|
| • ဘေးအန္တရာယ် ကျရောက်မှုအပေါ် မူတည်ပြီး ဦးစားပေးထောက်ပံ့ရမည့် စာရင်းများကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်။ |

## ၁၁။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • သဘာဝဘေးအန္တရာယ် ကြားခံအဖြစ် ဆောင်ရွက်ပေးနိုင်သော ဒီရေတောများအား ပြည်သူလူထုနှင့် ပူးပေါင်း၍ ထိန်းသိမ်းကာကွယ်၊ ပြန်လည်စိုက်ပျိုးရန်။ |
| • လူထု၏ အခြေခံလိုအပ်ချက်များကို အရေးပေါ် ဖြည့်စွက်နိုင်ရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ထားရန်နှင့် ကျေးရွာပိုင်စိုက်ခင်းများ တည်ထောင်ထားရန်။ |
| • သဘာဝတော၊ တောင်၊ ရေ၊ မြေ၊ ချောင်း၊ မြောင်းများ မူလအတိုင်း မပပျောက်စေရေးအတွက် သဘာဝတောများအား ထိန်းသိမ်းကာကွယ် ပြုစုစောင့်ရှောက်ထားရန်။ |
| • အကြီးစား စီးပွားရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းအကောင်အထည်မဖော်မီ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအပေါ် ထိခိုက်မှု ရှိ/မရှိ လေ့လာဆန်းစစ်သည့် စီမံချက်များ (Environmental and Social Impact Assessment (ESIA) များ ပြုလုပ်ရန်။ |
| • သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဒေသခံလူထု ပိုမိုသိရှိလာနိုင်စေရန် အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • သဘာဝဘေးကျရောက်နေသည့် ဒေသများသို့ အချိန်နှင့်တပြေးညီသွားရောက်ကာ အခြားလုပ်ငန်းကော်မတီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး လိုအပ်သည့် အကူအညီများပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • သဘာဝဘေးကြောင့် ပျက်စီးသွားသော စိုက်ခင်းများ၊ သစ်တောများ စာရင်းကောက်ယူရန်နှင့် ရရှိလာသည့် ပျက်စီးဆုံးရှုံးမှု စာရင်းများအား သက်ဆိုင်ရာသို့ တင်ပြရန်။ |
| • ပျက်စီးသွားသော သစ်တောများ၊ စိုက်ခင်းများနေရာတွင် ပြန်လည်အစားထိုး စိုက်ပျိုးရန်။ |
| • ရေစီးရေလာကောင်းစေရန် ချောင်း၊မြောင်းများရှိ အမှိုက်များ သန့်ရှင်းပြုပြင်ရန်။ |
| • သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဒေသခံလူထု ပိုမိုသိရှိလာနိုင်စေရန်နှင့် ပူးပေါင်းပါဝင်လာစေရန် အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ရန်။ |

# အခန်း [ ၆ ]

# ဘေးအန္တရာယ်ဒဏ်နည်းပါးသက်သာစေရေး ကြိုတင်ပြင်ဆင်ရေး၊ ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ

တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီသည် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရုံသာမက လုပ်ငန်းကော်မတီ အသီးသီး၏ အသေးစိတ်လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြစေရန် ကြီးကြပ်လမ်းညွှန်ရမည် ဖြစ်ပါသည်။ ၎င်းလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများသာမက အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပါ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ၆–၁။ ဘေးအန္တရာယ်နည်းပါးသက်သာစေရေး အစီအစဉ်များ (Mitigation Plan)

သဘာဝဘေးအန္တရာယ်များကို ရှောင်လွှဲ၍မရသော်လည်း ကြိုတင်ဆောင်ရွက်ထားမှု အစီအစဉ်များထားရှိခြင်းအားဖြင့် သဘာဝဘေးကြောင့် ဖြစ်လာနိုင်မည့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောက်ဖော်ပြပါ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံး နည်းပါးစေရေး အစီအစဉ်များကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) ဘေးအန္တရာယ် ကျရောက်ခဲ့သော နေရာများတွင် လေကာပင်များ စိုက်ပျိုးခြင်းနှင့် ရှိရင်းသစ်တောများ ပြုစုထိန်းသိမ်းခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ<br>– သစ်တောဦးစီးဌာန<br>– အစိုးရမဟုတ်သော အဖွဲ့အစည်းများ<br>– ဒေသခံပြည်သူများ |

| | | |
|---|---|---|
| (ခ) ဒီရေတောများ ပြုစုထိန်းသိမ်းခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်း | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ<br>– အစိုးရမဟုတ်သော အဖွဲ့အစည်းများ<br>– ဒေသခံပြည်သူများ |
| (ဂ) ပင်လယ်ရေငံဝင်ရောက်နိုင်သော နေရာများတွင် ရေငန်တားတမံများ ခိုင်ခံမှုရှိစေရန် ထိန်းသိမ်းခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန |
| (ဃ) ပင်လယ်ဆားငံရေဒဏ် ခံနိုင်သော စပါးမျိုးများ စုဆောင်းထားခြင်း၊ စိုက်ပျိုးစေခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – စိုက်ပျိုးရေးဦးစီးဌာန<br>– INGO များ<br>– ဒေသခံပြည်သူများ |
| (င) အဆောက်အဦများ အရည်အသွေး၊ ကြံ့ခိုင်မှုအား စစ်ဆေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| (စ) မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ် ခံနိုင်သည့် အဆောက်အဦများ ဆောက်လုပ်ရန် တိုက်တွန်းအားပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – ဆောက်လုပ်ရေးဦးစီးဌာန<br>– ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>– ဆောက်လုပ်ရေးလုပ်ငန်းရှင်များ |
| (ဆ) ကမ်းပါးပြိုခြင်း ကာကွယ်နိုင်ရန် ရေထိန်းနံရံများ တည်ဆောက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| (ဇ) သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်သော အဆောက်အဦများ တည်ဆောက်ရာတွင် ဆောက်လုပ်ရေး အလုပ်သမားများအား သင်တန်းပေးနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>– ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန<br>– INGO များ |
| (ဈ) ဘေးအန္တရာယ် ကျရောက်နိုင်သော နေရာများတွင် လူနေအိမ်ယာများ ဆောက်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခြင်းကို တားမြစ်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>– အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန |
| (ည) ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် စည်ပင်သာယာရေးကော်မတီ<br>– အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (ဋ) ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသောနေရာများတွင် ဘေးခိုလှုံရာ အဆောက်အဦများ ဆောက်လုပ်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန<br>– ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>– INGO, NGO များ |

| | | |
|---|---|---|
| (ဌ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးတို့နှင့် ပတ်သက်၍ပြည်သူလူထုအား ပညာပေးဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သတင်းနှင့် ပညာပေး လုပ်ငန်းကော်မတီ<br>– အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန<br>– အခြေခံပညာဦးစီးဌာန<br>– INGO, NGO များ |

## ၆–၂။ ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များ (Preparedness Plan)

ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များဆိုသည်မှာ ဘေးအန္တရာယ် ကျရောက်ချိန်နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်ရန်အတွက် သီးခြားလေ့ကျင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးက ပီပြင်စွာ ဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ပေးရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) လုပ်ငန်းကော်မတီအလိုက် အသေးစိတ်လုပ်ငန်းစီမံချက် ရေးဆွဲတင်ပြခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လုပ်ငန်းကော်မတီများ အားလုံး |
| (ခ) မိုးကြိုကာလ ဇွန်၊ ဇူလိုင်လများနှင့် မိုးနှောင်းကာလ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် လုပ်ငန်းကော်မတီ အသီးသီးအား မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်၍တပ်လှန့် နှိုးဆော်ထားရှိခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လုပ်ငန်းကော်မတီများ အားလုံး |
| (ဂ) မုန်တိုင်းသတင်းနှင့်ဆိုင်သော ကြိုတင်သတိပေးစနစ်နှင့် အရေးပေါ်ကြေညာချက် အဆင့်သတ်မှတ်ခြင်းများအား ပြည်သူလူထုအားလုံး သိရှိစေရန် စီမံဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ<br><br>အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ<br><br>သတင်းနှင့် ပညာပေး လုပ်ငန်းကော်မတီ | – မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>– ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>– ဒေသခံပြည်သူများ |

| | | |
|---|---|---|
| (ဃ) မြို့နယ်သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရေးပေါ်ဆက်သွယ်ရမည့် စနစ်ထားရှိ ဆောင်ရွက်ခြင်း။ | အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ရေး လုပ်ငန်းကော်မတီ | – ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန |
| (င) ကျေးရွာအုပ်စုအလိုက် ဘေးအန္တရာယ်ကင်းသောနေရာများ ကြိုတင်သတ်မှတ်ထားခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ<br><br>ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ | – ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>– ဒေသခံပြည်သူများ |
| (စ) ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ဆက်သွယ်ရေး၊ အရေးပေါ်ရွှေ့ပြောင်းရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး အစီအစဉ်များကို ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – ဌာနဆိုင်ရာများအားလုံး<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>– ဒေသခံပြည်သူများ |
| (ဆ) အရေးပေါ် ကယ်ဆယ်ရေးရုံး ဖွင့်လှစ်နိုင်ရန် စီစဉ်ထားရှိခြင်းနှင့် အဓိကဆက်သွယ်ရမည့် ပုဂ္ဂိုလ်သတ်မှတ်တာဝန်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ<br>– အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |

## ၆–၃။ တုံ့ပြန်မှုအစီအစဉ်များ (Response Plan)

သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်လာသည့်အခါ လျင်မြန်ထိရောက်သော တုံ့ပြန်မှုများ ရရှိစေရန်အတွက် ထိရောက်သော ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပို့ဆောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုများသည် အလွန် အရေးကြီးသော လုပ်ငန်းများဖြစ်ပါသည်။ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောက်ဖော်ပြပါ တုံ့ပြန်မှုအစီအစဉ်များကို အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်လမ်းညွှန်ပေးရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) ဘေးအန္တရာယ် ကြိုတင်သတိပေးမှု ရရှိသည်နှင့် အရေးပေါ်အစည်းအဝေး ခေါ်ယူရန်။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန |
| (ခ) လုပ်ငန်းကော်မတီ အသီးသီး၏ လုပ်ငန်းများကို စီမံချက်ပါအတိုင်း စတင်ဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်ပေးရန်။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန |

| | | |
|---|---|---|
| (ဂ) ဘေးအန္တရာယ် ကြိုတင်သတိပေးချက်ကို တိကျစွာ ဖော်ပြ၍ ပြည်သူလူထုထံသို့ ကြေညာချက်ထုတ်ပြန်ရန်။ (ဘေးအန္တရာယ် အမျိုးအစား၊ ပြင်းထန်မှု၊ ဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာများ၊ ဘေးအန္တရာယ်ကျရောက်နိုင်သည့် အချိန်၊ ခန့်မှန်းကြာမြင့်ချိန်)နှင့် ပြည်သူလူထု လိုက်နာဆောင်ရွက်ရန် အချိန်များ။ | အရေးပေါ် ဆက်သွယ်မှု စနစ် ထူထောင်ရေး လုပ်ငန်းကော်မတီ<br><br>သတင်းနှင့် ပညာပေး လုပ်ငန်းကော်မတီ | – အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန<br>– မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>– ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ |
| (ဃ) အရေးပေါ် ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။ | ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်း ရေးလုပ်ငန်းကော်မတီ<br><br>ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ | – ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာန<br>– ရေကြောင်းထိန်းသိမ်းရေး<br>– စက်လှေပိုင်ရှင်များ အသင်း |
| (င) ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။ | ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ | – မီးသတ်ဦးစီးဌာန<br>– ကြက်ခြေနီအသင်း<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>– ဒေသခံပြည်သူများ |
| (စ) အရေးပေါ် အမိုးအကာနှင့် ယာယီစခန်းများ ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း။ | ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ | – အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>– ကျန်းမာရေး ဦးစီးဌာန<br>– မြို့နယ်ရဲတပ်ဖွဲ့ |
| (ဆ) အရေးပေါ် အစားအစာ၊ ရေ၊ ဆေးဝါးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။ | ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ<br><br>ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်း ကော်မတီ | – အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>– ကျန်းမာရေး ဦးစီးဌာန<br>– မြို့နယ်ရဲတပ်ဖွဲ့ |
| (ဇ) အရေးပါသော အဆောက်အဦများကို ချက်ချင်း ပြင်ဆင်နိုင်ရန် စီမံဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ<br><br>ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည် ဆောက်ရေး လုပ်ငန်းကော်မတီ | – ကျေးလက်ဖွံ့ဖြိုးမှု ဦးစီးဌာန<br>– မြို့နယ်စည်ပင်သာယာရေး ကော်မတီ |

| | | |
|---|---|---|
| (ဈ) ထပ်မံကျရောက်နိုင်သော ဘေးအန္တရာယ်များကို စောင့်ကြည့်လေ့လာခြင်း | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ<br><br>ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ | – မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန<br>– ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| (ည) အထက်ဌာနများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |

## ၆–၄။ ပြန်လည်ထူထောင်ရေး အစီအစဉ်များ (Rehabilitation Plan)

ပြန်လည်ထူထောင်ရေးအဆင့်တွင် သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားခဲ့ရသူများ မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရန်နှင့် လူအများ ပုံမှန်စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး အကူအညီပေးရန် ဖြစ်ပါသည်။ မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် အောက်ဖော်ပြပါ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်ပေးရန် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) ပျက်စီးဆုံးရှုံးမှုများနှင့် လိုအပ်ချက်များ ဆန်းစစ်ခြင်း။ | – ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ | – အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>– စီမံကိန်းရေးဆွဲရေး ဦးစီးဌာန<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ |
| (ခ) ပျက်စီးသွားသော အိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ရေး၊ ပြန်လည် နေရာချထားရေး ဆောင်ရွက်ခြင်း။ | – မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ<br>– ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းကော်မတီ | – ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>– အစိုးရမဟုတ်သော အဖွဲ့အစည်းများ<br>– လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန |
| (ဂ) ပျက်စီးသွားသော ဌာနဆိုင်ရာအဆောက်အဦများ၏ မြေနေရာ ပြန်လည်သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း။ | – မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန<br>– မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန |

| | | |
|---|---|---|
| (ဃ) ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် ပြန်လည်ထူထောင်မှုများ ဆောင်ရွက်ခြင်း။ | – မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – ပြည်သူ့ကျန်းမာရေး ဦးစီးဌာန<br>– အခြေခံပညာ ဦးစီးဌာန<br>– လမ်းဦးစီးဌာန<br>– မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>– မြို့နယ်စည်ပင်သာယာရေး ကော်မတီ |
| (င) စပါးပြန်လည် စိုက်ပျိုးနိုင်ရေးနှင့် ဆက်စပ်လုပ်ငန်းများကို ပြန်လည်ထူထောင်ပေးခြင်း။ | – မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ<br>– ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ | – စိုက်ပျိုးရေး ဦးစီးဌာန<br>– ဆန်စပါးလုပ်ငန်းရှင်များ အသင်း<br>– အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန |
| (စ) ငါးဖမ်းလုပ်ငန်းများ အရှိန်မပျက် လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း။ | – မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ<br>– ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည် ဆောက်ရေးလုပ်ငန်းကော်မတီ | – ငါးလုပ်ငန်း ဦးစီးဌာန |
| (ဆ) ရေကောင်းရေသန့်များ ပြန်လည် ရရှိအောင် ဆောင်ရွက်ပေးခြင်း။ | – မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ<br>– ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကော်မတီ | – ပြည်သူ့ကျန်းမာရေး ဦးစီးဌာန |

# အခန်း [ ၇ ]

# လုပ်ငန်းစီမံချက် စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း

## ၇-၁။ စီမံချက်အကောင်အထည်ဖော်ဆောင်နိုင်မှုကို စောင့်ကြည့်စစ်ဆေးခြင်း

တောင်ကုတ်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ပါကော်မတီများနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို အောက်ဖော်ပြပါ အညွှန်းကိန်းများဖြင့် တိုင်းတာနိုင်ပါသည်။

| စဉ် | ကော်မတီ/လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|---|
| ၁။ | မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ | – လုပ်ငန်းကော်မတီများနှင့် ပုံမှန်အစည်းအဝေး ကျင်းပသည့် အကြိမ်အရေအတွက်။<br>– ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်း၊ လုပ်ငန်း ကော်မတီများသို့ ထပ်ဆင့်ညွှန်ကြားချက်များ မှတ်တမ်းနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းအစီအမံများ။ |

| စဉ် | ကော်မတီ/လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|---|
| ၂။ | သတင်းနှင့် ပညာပေးလုပ်ငန်းကော်မတီ | – ရာသီအလိုက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော နေရာများတွင် ပညာပေးစာစောင်များ၊ လက်ကမ်းစာစောင်များ၊ ဖြန့်ဖြူးခဲ့သည့် အရေအတွက်၊ ကျေးရွာစာကြည့်တိုက် အရေအတွက်။<br>– ရပ်ရွာလူထုအား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း၊ ဇာတ်တိုက်လေ့ကျင့်ခန်းနှင့် ရပ်ရွာလူထုအခြေပြု သဘာဝဘေးလျော့ပါးရေး သင်တန်းပို့ချပေးနိုင်သည့် အကြိမ်အရေအတွက်။ |
| | | – မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်၍ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းတွင်း သဘာဝဘေးလျော့ပါးရေး (School Based DRR) ပြုလုပ်သည့် အကြိမ်အရေအတွက်။<br>– ဘေးလွတ်ရာလမ်းကြောင်းပြမြေပုံများ၊ ခိုလှုံရာ (Shelter) စာရင်းနှင့် နေရာပြမြေပုံများရေးဆွဲထားသည့် ကျေးရွာအရေအတွက်။<br>– ကျေးရွာများရှိ ပြည်သူများထံသို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သော သတင်းများ မှန်ကန်စွာ ရောက်ရှိနိုင် မှု ရှိ/မရှိ။ |
| ၃။ | အရေးပေါ် ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ | – ဆက်သွယ်ရေးပစ္စည်းများ၊ လိုင်းနံပါတ်များကို ကော်မတီဝင်များ ကျွမ်းကျင်စွာအသုံးပြုနိုင်ရန် သင်တန်းပို့ချပေးသည့် အကြိမ်အရေအတွက်။<br>– သဘာဝဘေး ကြိုတင်သတိပေးစနစ် ထားရှိသည့် ကျေးရွာအရေအတွက်။<br>– အရေးပေါ် အခြေအနေဖြစ်လာလျှင် ပြုလုပ်ရမည့် လုပ်ငန်းအဆင့်အဆင့်အား ဇာတ်တိုက်လေ့ကျင့်ထားသည့် အကြိမ်အရေအတွက်။<br>– အရေးပေါ် ဆက်သွယ်ရမည့် ပြည်နယ်/ခရိုင်/မြို့နယ်/ကျေးရွာ တာဝန်ရှိသူများ၏ တယ်လီဖုန်း၊ လိုင်းဖုန်း၊ fax နံပါတ်များ၊ ဆက်သွယ်ရေးစက် လိုင်းနံပါတ်များ စုစည်းထားမှု ရှိ/မရှိ။<br>– ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် အရေးပေါ် ဆက်သွယ်နိုင်သည့်စနစ်ထားရှိခြင်း ရှိ/မရှိ။<br>– မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စုရှိ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ၃ လ ၁ ကြိမ် ပုံမှန်စာရင်း ကောက်ယူထားရှိသည့် အကြိမ်အရေအတွက်။ |

| စဉ် | ကော်မတီ/လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|---|
| ၄။ | ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီ | – ကျေးရွာအုပ်စုအလိုက် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များ စာရင်းထားရှိမှု။<br>– အဖွဲ့ဝင်များနှင့် ကျေးရွာရှိ ဒေသခံများအား ရှာဖွေကယ်ဆယ်ရေး သင်တန်းပို့ချသည့် အကြိမ်အရေအတွက်။<br>– ရှာဖွေကယ်ဆယ်ရေးအတွက် အကူအညီပေးနိုင်မည့် အဖွဲ့အစည်းများ၏ ဆက်သွယ်ရမည့် လူနှင့်ဖုန်းနံပါတ်များ စာရင်းပြုစုထားမှု ရှိ/မရှိ။<br>– ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်များ (Life Jacket စသည်) ၏ စာရင်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်စာရင်းပြုစုခြင်း ရှိ၊ မရှိ။ |
| ၅။ | ပျက်စီးမှု ပမာဏသတင်းရရှိရေး လုပ်ငန်းကော်မတီ | – ကျေးရွာအုပ်စုများတွင် အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစာရင်း (၃)လတကြိမ် ပြုစုထားမှု ရှိ/မရှိ။<br>– ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လူဦးရေ၊ အိမ်ထောင်စု၊ ကျွဲနွား၊ တိရစ္ဆာန်ကောင်ရေများ နှင့် ဘေးထိခိုက်လွယ်အုပ်စုများ စာရင်း (၃)လတကြိမ် ပြုစုထားမှု ရှိ/မရှိ။<br>– ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူသည့် ပုံဖံဇယားများ ဖြန့်ဝေပြီးမှုနှင့် အဖွဲ့ဝင်များအားစာရင်းကောက်ယူရေး သင်တန်းပေးသည့် အကြိမ်အရေအတွက်။ |
| ၆။ | ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ | – အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ NGO၊ INGO များ စာရင်းပြုစုထားမှု ရှိ/မရှိ။<br>– အဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ပစ္စည်းဖြန့်ဝေပုံ စနစ်အား သင်တန်းပေးထားသည့် အကြိမ်အရေအတွက်။<br>– ထောက်ပံ့ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ယာဉ်များအတွက် လိုအပ်သော စက်သုံးဆီများ သိုလှောင်ထားမှု ရှိ/မရှိ။ |

| စဉ် | ကော်မတီ/လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
|---|---|---|
| ၇။ | ပို့ဆောင်ရေးနှင့် လမ်းကြောင်း ရှင်းလင်းရေး လုပ်ငန်းကော်မတီ | – ပင်မလမ်းတံတားများ၊ ကျေးရွာချဉ်းကပ်လမ်းများ၏ စာရင်းနှင့် အရေးပေါ်ကာလအသုံးပြုရန် လမ်းကြောင်းများကို ပုံမှန်မှတ်တမ်းတင် ပြုစုထားခြင်း ရှိ/မရှိ။<br>– ရေလမ်းကြောင်းများနှင့် လွယ်ကူစွာ သွားနိုင်မည့် လမ်းကြောင်းများ ဖော်ထုတ်ထားခြင်း ရှိ/မရှိ။<br>– ဘေးကျရောက်လာလျှင် အရေးပေါ် ခိုလှုံနိုင်မည့် နေရာများ သတ်မှတ်ထားခြင်း ရှိ/မရှိ။<br>– ခိုလှုံရာနေရာသို့ သွားသည့် လမ်းကြောင်းတစ်လျှောက်တွင် ရှိနိုင်သည့် အဟန့်အတားများ (ဥပမာ တံတားများ ကျိုးပျက်နေခြင်း)နှင့် ခိုလှုံရမည့် အဆောက်အဦ ခိုင်ခန့်မှုရှိ/မရှိကို လိုက်လံစစ်ဆေးပြီး စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသည့် အကြိမ်အရေအတွက်။ |
| ၈။ | ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကော်မတီ | – ကျေးရွာနှင့် ကျေးရွာအုပ်စု ကျန်းမာရေး ကော်မတီဝင်များအား အခြေခံ ရှေးဦးပြုစုခြင်းသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးသော သင်တန်းပေးသည့် အကြိမ်အရေအတွက်။<br>– ဘေးဖြစ်ပြီးနောက် နောက်ဆက်တွဲ ဖြစ်နိုင်ခြေရှိသော ကူးစက်ရောဂါများနှင့် ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်များကို ရပ်ရွာလူထုအား အသိပေးဟောပြောသည့် အကြိမ်အရေအတွက်။ |
| ၉။ | ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ | – ဘေးကျရောက်လာလျှင် ခိုလှုံရန် ခိုင်ခံ့သော အဆောက်အဦများ စာရင်းပြုစုထားခြင်း ရှိ/မရှိ။<br>– ဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဘေးလျော့ပါးရေး (DRR measures) အတွက် ထည့်သွင်းစဉ်းစား တည်ဆောက်ထားခြင်း ရှိ/မရှိ။<br>– ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကဏ္ဍအလိုက် အရည်အသွေးစစ်ဆေးခြင်း ပြုလုပ်ခြင်း ရှိ/မရှိ။ |
| ၁၀။ | လုံခြုံရေး လုပ်ငန်းကော်မတီ | – လုံခြုံရေး အစီအမံများ ဒေသအလိုက် ရေးဆွဲချမှတ်ရန် ပုံမှန် အစည်းအဝေး ခေါ်ယူသည့် အကြိမ် အရေအတွက်။<br>– လုံခြုံရေးဆိုင်ရာများကို ကြိုတင် ဇာတ်တိုက်လေ့ကျင့်မှု ရှိ/မရှိ။<br>– လုံခြုံရေးဝန်ထမ်းများနှင့် ကော်မတီဝင်များအတွက် လုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများ ပို့ချပေးခြင်း ရှိ/မရှိ။ |

| စဉ် | ကော်မတီ/လုပ်ငန်းကော်မတီ | အညွှန်းကိန်း |
| --- | --- | --- |
| ၁၁။ | ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းကော်မတီ | – ငွေကြေး၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်သော အလှူရှင်စာရင်းများ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ မှတ်တမ်း ရှိ/မရှိ။<br>– ရန်ပုံငွေသုံးစွဲမှုအား ဘဏ္ဍာရေး စည်းမျဉ်း ဥပဒေနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိနှင့် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း ရှိ/မရှိ။<br>– ရန်ပုံငွေရှာဖွေရေးအတွက် ကျင်းပခဲ့သည့် အခမ်းအနား၊ အစီအစဉ် အရေအတွက်။ |
| ၁၂။ | သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ | – ဒီရေတောများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများနှင့် ကျေးရွာပိုင် စိုက်ခင်းများအရေအတွက်။<br>– သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သော ကျင်းပခဲ့သည့် အသိပညာပေးဟောပြောပွဲများ အရေအတွက်။ |

## ၇–၂။ စီမံချက် ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ထိရောက်စွာလုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိကို ပြန်လည်ဆန်းစစ်ရန်နှင့် စောင့်ကြည့်စစ်ဆေးရခြင်း၏ ရည်ရွယ်ချက်များမှာ–

၁။ စီမံချက်ပါလုပ်ငန်းများဖြစ်သော ဘေးမကျရောက်မီ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ လက်တွေ့လုပ်ဆောင်နိုင်ရန်။

၂။ ဘေးကျရောက်စဉ်အတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆောက်ရွက်ရန်။

၃။ ဘေးကျရောက်ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ရန်။

၄။ မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်နိုင်ရန်။

၅။ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန်။

၆။ လူအင်အားအပါအဝင် အခြားသော အရင်းအမြစ်များ လုံလောက်မှု။

၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးပွားလာစေရန်။

၈။ ပြောင်းလဲနေသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စည်းမျဉ်းများ၊ နည်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲမှုစသည်တို့ကိုပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

